ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ သောကြာနေ့။ Friday, 3 October 2025 ၁၁၉၅၉

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးနှင့် သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ပြင်ဦးလွင် - ဂုတ်ထိပ် - နောင်ပိန် ရထားလမ်းပိုင်း၌ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်မီးသွေးသုံးမီးရထားများ ပြေးဆွဲနိုင်ရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ဘူတာကြီးသို့ ရောက်ရှိကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

**မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ**

စာမျက်နှာ » ၅

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ “ဂျုံသီးနှံအတွက် ချေးငွေထုတ်ချေးပေးမည့်အစီအစဉ်”အသိပေးကြေညာချက်**

စာမျက်နှာ » ၇

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အစည်းအဝေးကျင်းပ**

စာမျက်နှာ » ၉

ကြေးမုံ

# စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်မှုကို နိုင်ငံတော်ကအလေးထားအသိအမှတ်ပြု

မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အများပြည်သူတို့အနေဖြင့် အမှုအခင်းများ ပေါ်ပေါက်လာလျှင် တိုင်ကြားအရေးယူဖမ်းဆီးနိုင်သည့် အဖွဲ့အစည်းအဖြစ် သာမန်အားဖြင့် နားလည်ထားကြသည်။ အမှန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်မတော်၏ အဓိကအရန်အင်အားဖြစ်ပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များအပြင် “သစ္စာ၊ သမာဓိ၊ သတ္တိ”ဆိုသည့် ဆောင်ပုဒ်ကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အကျိုးစီးပွားကို ပိုမိုဆောင်ကြဉ်းနိုင်သည့် ရဲတပ်ဖွဲ့ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် ပြစ်မှုများ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားပြီး ပြစ်မှုများ စုံစမ်းဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုသည့် လုပ်ငန်းတာဝန်(၆)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်လျက်ရှိသည်။ ယနေ့ကာလတွင် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ် အောင်မြင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကာ တပ်မတော်၊ ပြည်သူတို့နှင့်အတူ အကြမ်းဖက်မှုချေမှုန်းရေးတွင်လည်း လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်မှုများကို အသိအမှတ်ပြုသောအားဖြင့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့မှ ၂၀၂၅ ခုနှစ် သြဂုတ်လ ၃၁ ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ရဲသူရတံဆိပ်ရ ငါးဦး၊ ရဲဗလတံဆိပ်ရ ၂၀၊ ရဲသူရိန်တံဆိပ်ရ ၁၀ ဦး၊ ရဲကျော်စွာတံဆိပ်ရနှစ်ဦး အပါအဝင် ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၄၅၈၇ ဦးတို့ကို နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

“ရဲတပ်ဖွဲ့ဝင်များ၏ စွန့်လွှတ်စွန့်စားမှုများနှင့် တာဝန်ထမ်းဆောင်မှုများကို နိုင်ငံတော်က အမြဲအလေးထားအသိအမှတ်ပြုပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကို စိစစ်ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ မိမိကျရာကဏ္ဍတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ရင်း အသက်ပေးလှူခြင်းနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း စွန့်လွှတ်သွားခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇွဲ၊ လုံ့လ၊ စိတ်ဓာတ်၊ ကြိုးပမ်းမှုများအပေါ်တွင်လည်း ဂုဏ်ယူလေးစားပါကြောင်းနှင့် မိသားစုများကိုလည်း အသိအမှတ်ပြုပါကြောင်း” နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မြန်မာနိုင်ငံဒေသ အနှံ့အပြားက ပြည်သူများကြားတွင် ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံပြီး ပြည်သူများ၏ လူနေမှုဘဝ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်နေသည့် အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးကို ဆောင်ရွက်ပေးနေသကဲ့သို့ အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာတစ်ဝန်း၌ ဒုက္ခပေးနေသည့် မူးယစ်ဆေးဝါးများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြည်တွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ တရားမဝင်အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းငွေကြေးလိမ်လည်မှု ဒုစရိုက်ဂိုဏ်းများ ဖော်ထုတ်အရေးယူရေးလုပ်ငန်းများကိုလည်း ထမ်းဆောင်လျက်ရှိသည်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ရှာဖွေဖော်ထုတ်၍ နိုင်ငံအကျိုးပြုလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် ထိခိုက်ခံစားရသောဒေသများတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပြည်သူများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အဆင့်အတန်းအားလုံးအား နိုင်ငံတော်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ စွန့်လွှတ်စွန့်စားရဲတပ်ဖွဲ့ဝင်များအား အသိအမှတ်ပြုဂုဏ်ပြုချီးမြှင့်လျက်ရှိရာ တပ်ဖွဲ့ဝင်တစ်ဦးချင်းကလည်း စွမ်းရည်မြင့်မားရေး၊ အရည်အသွေးပြည့်မီရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်သွားရန်၊ ပြည်သူလူထုနှင့် အနီးကပ်ဆက်ဆံရသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြည်သူနှင့် တစ်သားတည်းဖြစ်အောင် ဆောင်ရွက်သွားကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်နှင့် လုပ်ငန်းတာဝန်(၆)ရပ်တို့ကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ၂ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၉၀၀ | ၇,၉၀၀ | ၃၉၈ | ၃,၁၄၄,၂၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၂၁၂ | ၇၂၀,၈၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၂ | ၁၆,၈၀၀ |
| FPB | ၂,၇၀၀ | ၂,၆၀၀ | ၁,၁၃၂ | ၃,၀၅၅,၇၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၅၅၇ | ၁,၅၃၁,၇၅၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၁,၆၈၄ | ၃,၂၀၂,၆၀၀ |
| AMATA | ၃,၂၅၀ | ၃,၃၀၀ | ၁၅၉ | ၅၂၄,၂၅၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၃,၅၃၀ | ၁၂,၀၀၂,၀၀၀ |
| MADPL(PLB) | ၂,၆၅၀ | ၂,၆၅၀ | ၂၅၅ | ၆၇၅,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရွှေဖုံးမှ

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် တာဝန်ရှိသူများက မန္တလေး-လားရှိုး ရထားလမ်းပိုင်းရှိ ပြင်ဦးလွင် - နောင်ချို-ဂုတ်ထိပ်-ကျောက်မဲ ရထားလမ်းပိုင်းအား ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် အကြမ်းဖက် သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် ပျက်စီးခဲ့သည့် ဂုတ်ထိပ်-နောင်ပိန်ကြား ဂုတ်ထိပ်တံတား တိုင်အမှတ်(၁၆)နှင့် ကမ်းကပ်ခုံ အမှတ်(၂) အကြား ထိခိုက်ပျက်စီးမှုအား ရှေးမူလပုံစံပါအတိုင်း သံပေါင်အသစ် အစားထိုး ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ ပျက်စီးခဲ့သည့် သံပေါင် အဟောင်းအား ဖယ်ရှားရှင်းလင်း၍ ယာယီအဖြစ် Way Beam သံပေါင်များ ထည့်သွင်းပြီး သံလမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပျက်စီးခဲ့သည့်သံပေါင်နှင့် ပုံစံတူ သံပေါင်သစ်အား ပြန်လည် ထုတ်လုပ်လျက်ရှိမှု၊ လမ်းပိုင်းတစ်လျှောက် တောချုံခုတ်ခြင်းနှင့် လမ်းပိုင်းများ ပြုပြင်ခြင်း၊ ထုံးဖို-ပြင်ဦးလွင် - နောင်ချို - ဂုတ်ထိပ်-ကျောက်မဲရထားလမ်းပိုင်း ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခြင်းနှင့် ရထားလမ်းတစ်လျှောက် အကြမ်းဖက် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများ ရှင်းလင်းခဲ့မှု အခြေအနေများ၊ ရထားသံလမ်း အစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများအား သောင်းကျန်းသူများက ဖျက်ဆီးခဲ့မှုများ၊ သံလမ်းဆက်ပြား ၃၈၃၂ ပြား၊ မူလီ ၁၇၁၈၈ လုံး၊ သံလမ်းထိန်းကလစ် ၁၆၃၁၁၅ ချောင်းတို့အား အကြမ်းဖက်သောင်းကျန်းသူများက ခိုးယူသွားမှုနှင့် အချိန်မီ အစားထိုး တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရထားလမ်းပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### လူစီးရထားများ ထပ်မံတိုးချဲ့ ပြေးဆွဲသွားရန်လိုအပ်


ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အကြမ်းဖက် သောင်းကျန်းသူများ၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဂုတ်ထိပ်တံတား ပြုပြင်ခြင်းလုပ်ငန်းများနှင့် တံတားလုံခြုံရေးအတွက် လိုအပ်သည်များကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ အလားတူ ရထားလမ်းပိုင်းများအလိုက် ပြန်လည်ပြုပြင် ဆောင်ရွက်ခြင်းများ ဆောင်ရွက်ရာတွင်လည်း မီးရထားများ လုံခြုံချောမွေ့စွာဖြင့် ပြေးဆွဲနိုင်ရေး စနစ်တကျတွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းအတွက် လိုအပ်သည့် ကျောက်များကိုလည်း သတ်မှတ်ချက်နှင့်အညီ ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းပိုင်းတစ်လျှောက်ရှိ တံတားများ၏ ကြံ့ခိုင်ရေးကိုလည်း ပြန်လည်စစ်ဆေးပြီး လိုအပ်သည့် ပြုပြင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်ချိန်တွင် ရထားများ အဆင်ပြေချောမွေ့စွာဖြင့် ပြေးဆွဲဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်-ဂုတ်ထိပ် - နောင်ပိန် ရထားလမ်းပိုင်း၌ ပြည်တွင်း/ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် ကျောက်မီးသွေးသုံး မီးရထားစက်ခေါင်းများ အသုံးပြု၍ ပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကျရောက်မည့် သီတင်းကျွတ်ကာလ အများပြည်သူ ရုံးပိတ်ရက်များတွင် ရန်ကုန်- နေပြည်တော်-မန္တလေး လူစီးရထားများ ထပ်မံတိုးချဲ့ ပြေးဆွဲသွားရန် လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်အကြီးအကဲ စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ အထပ်လိုက် ဆိုင်ခန်းများ ဖွင့်လှစ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိမှု၊ ယာဉ်ရပ်နားသည့်နေရာများ ဆောင်ရွက်ထားရှိမှု၊ ရေဝင်ရေထွက် ကောင်းမွန်စေရေးနှင့် ရေဆိုး စွန့်ထုတ်မှုတို့အတွက် တွက်ချက်ဆောင်ရွက်ထားရှိမှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆိုလာပြားများ တပ်ဆင်ဆောင်ရွက်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများ၊ စီမံကိန်းအား သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ဆောက်လုပ်မှု စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။

## ဂုတ်ထိပ်တံတား လားရှိုးဘက်ခြမ်းတွင် ပျက်စီးသွားသော သံပေါင်အား ဖယ်ရှား၍ သံပေါင် အသစ်တစ်စုံဖြင့် အစားထိုးပြန်လည်တပ်ဆင်ပြုပြင်ခြင်းလုပ်ငန်း



P16နှင့်AB2ကြား L.S.T ဒေါက်တိုင်များ တပ်ဆင်နိုင်ရန်အတွက် အောက်ခြေမြေနေရာ ညှိခြင်း၊ ပြုပြင်ခြင်းနှင့် ဖားထပ်ခွေပြုလုပ်ခြင်း မှတ်တမ်းဓာတ်ပုံများ။



ပျက်စီးသွားသောတံတားသံပေါင်အဆက်နေရာမှ ပေ ၃၀ ဖျက်ထုတ်ဖယ်ရှားခြင်းမှတ်တမ်းဓာတ်ပုံများ။

## ထုံးဖို-ပြင်ဦးလွင်-နောင်ချို-ဂုတ်ထိပ်-ကျောက်မဲ ရထားလမ်းပိုင်း ပြုပြင်ခြင်းလုပ်ငန်း



နောင်ချိုဘူတာမှ ဆမ်ဆယ်ဘူတာကြား ရထားလမ်းပြုပြင်ခြင်း ဆောင်ရွက်နေသည့် မှတ်တမ်းဓာတ်ပုံများ။



မိုင်းများရှာဖွေနေမှု မှတ်တမ်းဓာတ်ပုံများ။

☆ စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ယခုအဆင့်မြင့် စျေးသစ် တည်ဆောက်စေခြင်းသည် ပြင်ဦးလွင်မြို့၏ လူနေမှု ထူထပ်လာမှုများ၊ ခရီးသွားလာမှု များပြားလာမှုများနှင့် ကိုက်ညီသည့် အဆင့်မီစျေးတစ်ခုဖြစ်ပေါ်လာစေရန်နှင့် ဒေသထွက်နှင့် အခြေခံသုံးကုန် ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတစည်းတည်း ရရှိနိုင်စေရန် ရည်ရွယ် ဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီသည့် အဆင့်မြင့်စျေး ဖြစ်ပေါ်လာစေရေး ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ အားလုံးပြီးစီးပါက စျေးဆိုင်ခန်းများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုပြီး သန့်ရှင်းမှုရှိစေရေးကို အလေးထား ဆောင်ရွက်သွားရန်နှင့် ရေ/ မီးစနစ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည်သုမင်္ဂလာစျေး (ညံတောစျေး) ခြောက်ထပ် အဆင့်မြင့် စျေးသစ် တည်ဆောက်ရေး စီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးရဲတင့်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ကော်မတီအတွက် ချမှတ်ထားသည့် လုပ်ငန်းတာဝန်များအတိုင်း နိုင်ငံတစ်ဝန်း အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်သူများအတွက် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖြစ်လာစေရန် လုပ်ငန်းကော်မတီဝင်များ အားလုံးက တက်တက်ကြွကြွဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လုပ်ငန်းတာဝန် (၁၈) ရပ်နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ဌာနအလိုက် ဆောင်ရွက်နေသော တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း စစ်တမ်းကောက်ယူနိုင်ရေး ကြိုတင်ရှင်းလင်းခြင်း အခမ်းအနားကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၂**

မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း(၂၀၂၅) ကောက်ယူနိုင်ရေးအတွက်ကြိုတင် ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယိတမက မွန်ပြည်နယ် အနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၂၀ (ဂ)နှင့် အညီ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ မွန်ပြည်နယ် အတွင်းရှိ အသေးစား၊ အငယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်း များ၏ ရင်းနှီးငွေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တမ်းမှရရှိသည့် အချက်အလက်များကို လေ့လာဆန်းစစ်ပြီး MSME ထုတ်လုပ်မှု အခန်းကဏ္ဍ မြင့်မားတိုးတက်လာစေရေး မူဝါဒများချမှတ်ခြင်းနှင့် လုပ်ငန်းစီမံချက်များရေးဆွဲနိုင်ရန် သုတေသနပြုဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ အသုံးပြုနိုင်မည်ဖြစ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း (၂၀၂၅) အဆင်ပြေချောမွေ့စွာ ကောက်ယူနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုများကို စစ်တမ်းကောက်ယူရေး လုပ်ငန်း အဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် မွန်ပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း ကောက်ယူရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်ဖြူပြာထွန်းက MSME စစ်တမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ အသေးစား၊ အငယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်း (၂၀၂၅)ကောက်ယူရေးလုပ်ငန်းကို အောက်တိုဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ ကောက်ယူသွားမည် ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန် ၈၆ ရက် သာ လိုတော့သည်။

## မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ဆောင်ရွက်ရန်အချက်များ

- ဒေသတစ်ခုမှအခြားဒေသတစ်ခုသို့ ပြောင်းရွှေ့သည့်အခါ မဲစာရင်းတစ်ခုမှ အခြားမဲစာရင်းတစ်ခုသို့ အမည်ပြောင်းရွှေ့လိုလျှင် ၁၉၅၁ ခုနှစ် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂) နှင့် နည်းဥပဒေ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/နငသ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကို ပယ်ဖျက်ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းဆောင်ရွက်ရန်၊
- ယင်းသို့ ဆောင်ရွက်ပြီးနောက် မိမိ၏အမည်ကို မဲစာရင်းမှပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ရောက်ရှိသည့်နေရာ၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) နှင့် ပုံစံ (၄-ခ) တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ (၃) ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ မိမိပြောင်းရွှေ့နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ်ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့်လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ဘီးလင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်း ကပ်ထားသည့်နေရာများ ကွင်းဆင်းစစ်ဆေး

**ဘီးလင်း အောက်တိုဘာ ၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ပထမအကြိမ်မဲဆန္ဒရှင်စာရင်းများ ကပ်ထားသည့် နေရာများကို ယနေ့နံနက်ပိုင်းက ရပ်ကွက်/ကျေးရွာများသို့ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

**ကွင်းဆင်းကြည့်ရှု**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် စီမံအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ရပ်ကွက် / ကျေးရွာများအလိုက် ကွင်းဆင်းကြည့်ရှု စစ်ဆေးကာ မဲဆန္ဒရှင်စာရင်းများ ကြေညာထားမှုကို လာရောက်ကြည့်ရှုကြသည်။ မဲဆန္ဒရှင်ပြည်သူများအား တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးကြသည်။

ဘီးလင်းမြို့နယ်ရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၂၃ စုတို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၇၆၄၄၈ ဦး ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ် ( ပြန်/ဆက်)**





## ကျိုက်ထိုမြို့နယ်၌ မဲစာရင်းကြေညာထားမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို အောက်တိုဘာ ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲ လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပထမအကြိမ် မဲစာရင်းများ ကြေညာထားသည့်နေရာများကို စက်တင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ လိုက်လံကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်နန္ဒာရည်ကျော်နှင့်ဝန်ထမ်းများက သတ်မှတ်ရပ်ကွက်/ကျေးရွာများအလိုက် ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ကျိုက်ထိုမြို့နယ်အနေဖြင့် သိမ်ဇရပ်မြို့အပါအဝင် ရပ်ကွက် ၁၀ ရက်ကွက်နှင့် ကျေးရွာအုပ်စုခြောက်စုတို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၅၂၄၁၀ ရှိပြီး လျာထားမဲရုံပေါင်း ၃၉ ရုံရှိကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာ

**ကျိုက်မရော အောက်တိုဘာ ၂**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲ ရုံးများတွင် စက်တင်ဘာ ၃၀ ရက်မှ စ၍ ထုတ်ပြန် ကြေညာထားပြီးဖြစ်သည်။



အဆိုပါ ထုတ်ပြန်ကြေညာထားသော မဲဆန္ဒရှင် စာရင်းများတွင် ကျိုက်မရောမြို့နယ် အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ မဲပေး ပိုင်ခွင့်ရှိသူ အမျိုးသား ၅၁၂၉၉ ဦး၊ အမျိုးသမီး ၅၉၁၈၄ ဦး စုစုပေါင်း ၁၁၀၄၈၃ ဦး ရှိပြီး အကြောင်း အမျိုးမျိုးကြောင့် အမည်စာရင်း မပါရှိသူများသည် ထပ်တိုး မဲစာရင်း ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲဆန္ဒရှင်များ၏ အချက်အလက်များ ပြင်ဆင်လိုပါက ပုံစံ (၄-ဂ) ဖြင့်လည်းကောင်း၊ မဲစာရင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပုံစံ(၄)ဖြင့် လည်းကောင်း ဖြည့်စွက်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ကော်မရှင် အဖွဲ့ခွဲရုံးတွင် မဲစာရင်းကြေညာထားသည့် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အတွင်း ပြင်ဆင် လျှောက်ထားနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ ရုံးမှ သိရသည်။

**ကျိုက်မရော (ပြန်/ဆက်)**



## ပန်းဘဲတန်းမြို့နယ်၌ မဲစာရင်းများ ကပ်ထားကြေညာ

**ရန်ကုန် အောက်တိုဘာ ၂**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပန်းဘဲတန်းမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော ပထမအကြိမ် မဲဆန္ဒရှင် အမည်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက် /ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် စက်တင်ဘာ ၃၀ ရက်မှစတင်၍ ကပ်ထားကြေညာခဲ့ရာ ပြည်သူများ လာရောက်ကြည့်ရှုလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန် /ဆက်)**

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# ကျောင်းသည် ရပ်ရွာ၏ ဥပစာ ဆရာသည် လူထု၏ အားကိုးရာ ...



ဒေါက်တာမောင်ကျော်
(ပါမောက္ခချုပ်-ငြိမ်း)

(ယမန်နေ့မှအဆက်)

ကိုယ်တာဝန်ထမ်းဆောင်ရသော ဒေသသည် ငယ်ချင်ငယ်မည်။ လူရှိလျှင် ပညာရေးအလုပ်ရှိသည်ပင်။ လူရှိသောနေရာတိုင်း အရေးကြီးသည်ကို လူ့အဖွဲ့အစည်းက ပို၍နားလည်ရပါလိမ့်မည်။ မြေပြန့်၊ တောင်တန်းနှင့် ပင်လယ်ကမ်းရိုးတန်းများမှလူထုသည် ကျောင်း၏ဥပမိရပ်ကောင်းရေး၊ ကျောင်းသည် ထိုဒေသလူထု၏ ဥပစာဖြစ်ရေး ဝိုင်းဝန်းပံ့ပိုးကြရလိမ့်မည်။ ပညာရေးသည် ပညာရေးဝန်ကြီးဌာန တစ်ခု၏ အလုပ်သာမက လူထု၏ကိစ္စဖြစ်သည်ကို ဒေသခံတို့က ပို၍နားလည်လာကြသည်။

ကျောင်းဆိုသော အဓိပ္ပာယ်သည် ပြဋ္ဌာန်းစာအုပ်ထဲမှ စာကိုသင်ပြီး အမှတ်ကောင်းကောင်းဖြင့် ကျောင်းမှအောင်သွားရန်မဟုတ်၊ တက္ကသိုလ်သို့ တက်ရန်ချည်းသာမဟုတ်၊ မြန်မာတို့အတွက် အထူးလိုအပ်နေသော နယ်ပယ်များတွင် တာဝန်ထမ်းဆောင်မည့် လူ့စွမ်းအားဖြစ်ရေး အားထုတ်ကြရပါမည်။ ဘာသာရပ်စုံမှ ဗဟုသုတအသိ(Knowledge) သင်ခန်းစာ(lesson) များကို ကလေးများ၏ ဦးနှောက်ထဲ မချိမဆန့်ထည့်သွင်းရန်မဟုတ်၊ ကိုယ်တိုင်လိုချင်စိတ်ဖြင့် သင်ယူကြရမည်ဖြစ်သည်။ ပတ်ဝန်းကျင်က စိတ်ဝင်စားစရာများနှင့် အံ့ဖွယ်များကိုသိလိုစိတ်၊ စူးစမ်းလိုစိတ်၊ ပြဿနာ အခက်အခဲများကို ကိုယ်တိုင်ဖြေရှင်းလိုစိတ်၊ ပညာလိုချင်သည့် စိတ်ရှိအောင် ဖန်တီးပေးရမည်။

ပုံမှန်သင်ကြားရေးကြားထဲမှ ဆရာသည် ကျောင်းသားများနှင့်အတူ ကိုယ့်ကျောင်း၌ သစ်ပင်စိုက်နေလျှင်တောင် စိုက်ထားသောအပင် ကြီးထွားရှင်သန်အောင်လုပ်နေလျှင် ယင်းက လုပ်ငန်းတစ်ခုပင်။ လူတို့အမှီသဟဲပြုရသော သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် လမ်းညွှန်ပေးနေရမည်။ ရေမြေတောတောင်ကို အလှဆင်ပေးနေရမည်။ ကလေးမှအစ မိဘများအထိ သတိရှိအောင် အသိပေးနေရမည်။ သို့ဆိုလျှင် ဆရာ၏ကဏ္ဍသစ်သည် ပြဋ္ဌာန်းစာအုပ်ကို သင်ရုံ၊ စာမေးပွဲအောင်ရုံ၊ နောက်တစ်တန်းတက်ရုံအဆင့်ထက်မြင့်မားပြီး ထူးခြားလာပါလိမ့်မည်။ ဆရာသည် လူထု၏ခေါင်းဆောင်ဆိုသည့် ရုပ်လုံးပေါ်လာပါလိမ့်မည်။

နိုင်ငံ့သားကောင်းဖြစ်လာမည့် ကလေးသူငယ်များက ကျောင်းမှာပင်ရှိသည်။ သူတို့၏ အရည်အသွေးမြင့်မားရေး၊ ယုံကြည်ချက် ခံယူချက်၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှိလာရေးသည် ဆရာ ဆရာမကြီးတို့၏ လက်ထဲတွင်ပင်ရှိသည်။ ဆရာသည် အမြဲတမ်းဆန်းသစ်သော အယူအဆရှိနေရမည်။ အတွေးအခေါ်၊ အယူအဆ လုံးဝရှင်သန်နေရမည်။ လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားရေး မျက်ခြည်မပြတ် အားထုတ်ကြရ၍ ဆရာ ဆရာမများကို ဂုဏ်ပြုရခြင်းဖြစ်သည်။

ထူးချွန်ပြောင်မြောက်သော၊ တီထွင်ကြံဆနိုင်သောလူမဖြစ်လင့်ကစား၊ စိတ်ထားမြင့်မြတ်သော၊ မေတ္တာတရားရှိသော လူငယ်များ ဖြစ်သွားစေရမည်။ ဆိုးသွမ်းလူငယ်များမဖြစ်ဘဲ စည်းကမ်းရှိသူဖြစ်သွားစေရပါမည်။ တစ်ဦးချင်း၏ အရည်အသွေးသည် နိုင်ငံ၏ စည်းလုံးညီညွတ်မှုကို အထောက်အကူပေးမည့်သူများ ဖြစ်သွားရမည်။ ကျောင်းမှ မွေးထုတ်ပေးလိုက်သော ကလေးများသည် ရင့်ကျက်သော နိုင်ငံ့သားကောင်းများ၊ တွေးခေါ်မြော်မြင်တတ်သောသူ၊ ဒုစရိုက်ကင်းသူများ ဖြစ်သွားခြင်းအားဖြင့် ဒေသ၏ ငြိမ်းချမ်းရေးကို အထောက်အကူပြုရာရောက်သည်။ ကာယကံမြောက် အကောင်အထည်ဖော်ရမည်မှာ ဆရာ ဆရာမများ၊ ကထိကများ၊ ပါမောက္ခများဖြစ်သည်။

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့က ကျင်းပသည့် UNESCO ၏ (၂၉) ကြိမ် မြောက် အစည်းအဝေး၌ အခြေခံပညာဆရာများသာမက အဆင့်မြင့်ပညာကဏ္ဍတွင် သင်ကြားရေးနှင့် သုတေသနပြုသူတို့အားလည်း ဖြည့်စွက်ဂုဏ်ပြုရန် ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပါသည်။

ပညာဆိုသည် ရှေ့တွင်ရှိမည့် ကောင်းကျိုး၊ ဆိုးကျိုးကိုမြင်နိုင်သည်။ ထွင်းဖောက်မြင်နိုင်သည်။ အသက်မွေးဝမ်းကျောင်းမှုများကို သူကိုယ်တိုင် ရှာဖွေနိုင်စွမ်းရှိလာသည်။ မြင့်မားသောကျွမ်းကျင်မှုများနှင့် ကုန်ထုတ်လုပ်ငန်းများ စိုက်ပျိုးရေးနယ်ပယ်များတွင် တိုးတက်လာနိုင်သည်။ အလွန်ကြီးမားကျယ်ပြန့်သောလုပ်ငန်းကို လုပ်ရမည်ဖြစ်၍ ဂုဏ်ယူစရာဖြစ်ပါသည်။ မည်သည့်မိဘကိုမေးမေး သူတို့သားသမီးများ တက်ရောက်သည့်ကျောင်း၊ တက္ကသိုလ်ကောင်းသည်ကို ဂုဏ်ယူကြသည်။ အထွတ်အထိပ် ဗဟိုချက်မတွင်ထားသည့် ကျောင်းကို ရပ်ရွာမှ အားကိုးလေးစားရသည့်နေရာ ဌာနတစ်ခုဖြစ်အောင် ကလေးများ၏ ပညာရည်မြင့်မားရေး၊ ယဉ်ကျေးသိမ်မွေ့ရေး၊ ကျွမ်းကျင်မှုအဆင့်အတန်းရှိသည့် နိုင်ငံသားဖြစ်ရေး၊ ဥပဒေနှင့် စည်းကမ်းများ လေးစားလိုက်နာရေး၊ နိုင်ငံက လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်ဖြစ်လာစေရေးအတွက် ကျောင်းကို ပို့လိုက်ကြခြင်းဖြစ်သည်။

> **ဘဝခရီးတစ်လျှောက် ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ရန်၊ အမှားနှင့် အမှန်ခွဲခြားနိုင်ရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို အခြေပြု လမ်းပြပေးသူ အမှောင်ခွင်း၊ အလင်းဆောင်သူမှာ ဆရာဖြစ်သည်။ ထို့ကြောင့် အပတ်တကုတ်ကြိုးစားအားထုတ်ကြရမည်။ လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားစေရန် မျက်ခြည်မပြတ် အားထုတ်ကြရသဖြင့် ဆရာ ဆရာမများကို ဂုဏ်ပြုရခြင်းဖြစ်သည်။ ဆရာ၊ ကျောင်းသားများ တက်ကြွစွာ လုပ်ဆောင်ကြခြင်းဖြင့် မြို့ရွာ၏ကျောင်းသည် ဥပစာဖြစ်လာ**

ဘဝခရီးတစ်လျှောက် ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ရန်၊ အမှားနှင့် အမှန်ခွဲခြားနိုင်ရန်၊ အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို အခြေပြုလမ်းပြပေးသူ အမှောင်ခွင်း၊ အလင်းဆောင်သူမှာ ဆရာဖြစ်သည်။ ထို့ကြောင့် အပတ်တကုတ်ကြိုးစားအားထုတ်ကြရမည်။ လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားစေရန် မျက်ခြည်မပြတ် အားထုတ်ကြရသဖြင့် ဆရာ ဆရာမများကို ဂုဏ်ပြုရခြင်းဖြစ်သည်။ ဆရာ၊ ကျောင်းသားများ တက်ကြွစွာ လုပ်ဆောင်ကြခြင်းဖြင့် မြို့ရွာ၏ ကျောင်းသည် ဥပစာဖြစ်လာပါတော့သည်။

## လောကနီတိ ကျင့်ဝတ်များ

စာသင်ကျောင်းများမှ အစပြုလိုက်သော လောကနီတိကျင့်ဝတ်များကသာ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားလေးစားမှု၊ နားလည်ပေးမှု၊ ရိုးသားဖြူစင်မှု၊ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိသော နိုင်ငံ့သားကောင်းများကို မွေးထုတ်ပေးရာရောက်သည်။ ဆရာ ဆရာမများ ပညာရေးတာဝန်ထမ်းဆောင်စဉ် ဆရာ၏ဂုဏ်အင်္ဂါနှင့်နေ၊ ဆရာသည်မည်သို့ တွေးခေါ်ရမည်၊ မိမိရပ်တည်ချက်က ဘယ်မှာရှိသည်၊ အနေအထိုင်၊ အမူအရာ၊ အပြောအဆိုမှအစ ဆရာနှင့်ကိုက်ညီအောင်ပြုမူရမည်။ ကလေးများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို ကောင်းသည်ထက်ကောင်းအောင်၊ မြင့်သည်ထက်မြင့်အောင် ဆောင်ကြဉ်းပေးနိုင်ရန် လိုပါသည်။ ဘယ်လိုကလေးမျိုး ဖြစ်စေချင်သလဲ၊ အလွတ်ကျက်သော ကလေးမျိုး၊ အလွတ်ကျက်ကို အားပေးသော မေးခွန်းများနှင့် အမှတ်များပေးပြီး တွန်းပို့ခြင်းခံရသည့် ကလေးမျိုးရချင်သလား။ ယနေ့ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သည့် ကလေးမျိုးကို မွေးထုတ်မလား။ ပညာရေးလောကသားအားလုံး စဉ်းစားသင့်ပါသည်။ ယဉ်ကျေးမှုအဆင့်အတန်း၊ လူ့ယဉ်ကျေးမှုတစ်ခုလုံးကို ထိန်းသိမ်းရန် စွမ်းဆောင်နိုင်သည့်နေရာက ကျောင်း၊ ဤကျောင်းများ၏ လှုပ်ရှားမှုများက ဘယ်လိုဖြစ်နေသလဲဆိုသည်ကို အမြဲသုံးသပ်နေရပါမည်။

ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်အားလုံးသည် လူကြီးလူငယ်မရွေး သင်ယူနိုင်မည့် ဗဟိုချက်မများဖြစ်ရန် နှစ်လုံးပေါက် အားထုတ်နေရပါမည်။ ကောလိပ်နှင့် တက္ကသိုလ်များက ကမ္ဘာ့တိုးတက်ပြောင်းလဲမှုများကို တုံ့ပြန်နိုင်မည့် အရည်အသွေးကိုရအောင် မျက်မှောက်ကာလဖြစ်ပေါ်မှုများအပြင် အနာဂတ်၏ တောင်းဆိုမှုများနှင့် လိုက်လျောညီထွေမှုရှိအောင်၊ ရှိစေမည့် သင်ရိုးညွှန်းတမ်းများ ဖြစ်ရန် အားထုတ်နေကြရပါမည်။ အကောင်းဆုံးသင်ရိုးညွှန်းတမ်းအတွက် အရည်အသွေးဘက်စုံမြင့်သော အကောင်းဆုံးဆရာလိုသည်။ ထို့ကြောင့် ပညာရည်မြင့်မားရန် ဦးစားပေးအစီအစဉ်တစ်ခုက ဆရာအရည်အသွေးကို မြှင့်တင်နေရပါသည်။ ဘာကြောင့်ပါလဲ။

သင်ကြားမှု၊ လေ့လာမှုဆိုင်ရာ အရင်းအမြစ်ဖြစ်သည်။ ဆရာ ဆရာမတို့၏ စွမ်းဆောင်ရည်မြင့်မားလျှင် မြင့်မားသလောက် ပညာရေးစနစ်သည် ရှေ့ကိုရောက် တိုးတက်လာမည်ဖြစ်သည်။ လက်ရှိမျိုးဆက်သစ်များကို သူတို့ရင်ဆိုင်ရမည့် အနာဂတ်အတွက် ပညာရေးက ကြိုတင်ပြင်ဆင်ပေးရပါလိမ့်မည်။ ထို့ကြောင့် ပညာရေးစနစ်မှ အရေးကြီးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာဆရာမတို့သည် နိုင်ငံလိုအပ်ချက်၊ ဒေသလိုအပ်ချက်များကို အမြဲတမ်းဖြည့်ဆည်းပေးနေရမည်ဖြစ်ပါသည်။ ဆရာသည် အခြေခံဖြစ်ဖြစ်၊ အဆင့်မြင့်ဖြစ်ဖြစ် ဆရာသည် ဆရာပင်။ ဆရာသည် သင်ပြသူ (Teacher)၊ စည်းရုံးသူ (Organizer)၊ ခေါင်းဆောင် (Leader) ဖြစ်ပါသည်။ ဘာသာရပ် နားလည်အောင်၊ စည်းမျဉ်းစည်းကမ်းများ သိရှိလိုက်နာအောင် အကျိုးနှင့်အကြောင်းဖြင့် ကလေးများကို စိတ်ရှည်ရှည်ထားပြီး သင်ကြားပို့ချကြရပါလိမ့်မည်။ ကလေးတစ်ယောက်၏ လူမှုဆက်ဆံရေးကို ဆရာကဦးဆောင်ရလိမ့်မည်။

အနာဂတ်ပညာရေးသည် လေ့လာနိုင်စွမ်းရှိအောင် ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း၊ နက်နက်နဲနဲ ခဲရာခဲဆစ်ပြဿနာများနှင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်စေရန်၊ ပညာရေးမှ လေ့လာစရာနယ်ပယ်များကို မြင်နိုင်စွမ်းရှိအောင် မျှော်မှန်းဆောင်ရွက်နေရသည်ကိုလည်း တွေ့မြင်ရပါသည်။ သင်ရိုးညွှန်းတမ်းများက KG မှစ၍ Ph.D. အထိ ပြုပြင်ပေးနေရမည်သာ ဖြစ်ပါသည်။ မြန်မာတစ်မျိုးသားလုံးအတွက် ပတ်ဝန်းကျင်အသစ်ကို လွှမ်းမိုးနိုင်အောင် တီထွင်ဖန်တီးမှု ပညာရေး (Innovative education) နှင့် ကျွမ်းကျင်မှုအရည်အသွေးများကသာ တတ်နိုင်မည်ဖြစ်ပါသည်။

တကယ်တော့ ပညာရေးလောကသားများ၏ တာဝန်သည် သေးမသွားဘဲ အလွန်ကြီးမားလာပါသည်။ မည်သည့်အတွက်ကြောင့်လဲဆိုလျှင် သမိုင်းစဉ်တစ်လျှောက် လူသားသည် လက်ရှိအသိဉာဏ်စွမ်းရည်၊ ကိုယ်ကျင့်သိက္ခာ၊ နှလုံးရည်စွမ်းရည် အမြဲတမ်းဖွံ့ဖြိုးနေစေရေးအတွက် ပညာရေးစနစ်၊ နည်းလမ်းများကို ဆုပ်ကိုင်ပြီး မည်သည့်မျှော်မှန်းချက်များထားသင့်သည်ဆိုသည်ကို ရှာဖွေနေရသည့်ကာလကြီးဖြစ်သည်။ ပညာသင်ကြားမှုတစ်ခုလုံး၏ ဗဟိုချက်မသည် ကျောင်းသားကျောင်းသူ လူငယ်များ၊ ဆည်းပူးနေလိုသူများ၊ အလုပ်ခွင်က ဝန်ထမ်းများဖြစ်သည်။ အနာဂတ်၏ မျိုးဆက်များဖြစ်၍ အသက်ကြီးငယ်မရွေး အကျုံးဝင်နေပါသည်။ ဤမျှော်မှန်းချက်များရရန် ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်သည့်နေရာ၏ ဗဟိုချက်မသည် ဆရာဖြစ်သည်။

မည်ကဲ့သို့သော တက္ကသိုလ်များက လူ့အဖွဲ့အစည်းအတွက် ပညာတတ်မြောက်မှု၊ ကျွမ်းကျင်မှုနှင့် ဖန်တီးနိုင်မှုများမှာ မြင့်မားနိုင်သမျှ မြင့်မားအောင် ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဖန်တီးပေးရမည်ဖြစ်သည်။ ထို့ကြောင့် ဒေသအလိုက် တည်ရှိနေသည့် တက္ကသိုလ်များတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမအပေါင်းနှင့် ဒေသတွင်းမှ ကျောင်းသား ကျောင်းသူအပေါင်းသည် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေသူများဖြစ်သည်ဟု ပြောခြင်းဖြစ်ပါသည်။ ဘာကြောင့်လဲဆိုလျှင် ဒေသတွင်း လူငယ်လူလတ်များ၏ ကျွမ်းကျင်မှု၊ ထိုသူများ၏ အရည်အသွေး စိတ်ဓာတ်၊ စည်းကမ်း၊ ပညာသည် ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးသဖြင့် နိုင်ငံသည် ငြိမ်းချမ်းမည်၊ ဖွံ့ဖြိုးတိုးတက်မည်။

လူငယ်မျိုးဆက်သစ်များ၏ ပညာရည်မြင့်မားရန် မျက်ခြည်မပြတ်အားထုတ်ကြရသဖြင့် ဆရာ ဆရာမများကို ဂုဏ်ပြုရခြင်းဖြစ်သည်။ ဤကျောင်း၊ တက္ကသိုလ်များကို သက်ဝင်လှုပ်ရှားစေမည့် ဆရာ၏ ကဏ္ဍ၊ ဆရာ၏ အားထုတ်မှု၊ စိတ်နေစိတ်ထား ခံယူမှုတို့သည် ကလေးတစ်ယောက်အတွက် အလွန်အရေးကြီးလှသည်။ ဘာသာရပ်နားမလည်လျှင် ထိုကျောင်းသားကို မှတ်မိအောင်လုပ်၊ အလွတ်ကျက် သက်သက်ဖြင့် ထိုကျောင်းကထွက်သွားရန် မမျှော်မှန်း။ ဖန်တီးမှုရှိသည့် ကျောင်းသားများဖြစ်ရန်အထိ မျှော်မှန်းပြီး သင်ကြားပေးရပါလိမ့်မည်။

ကျွန်တော်တို့နိုင်ငံသည် စည်းလုံးညီညွတ်မှုရှိရပါမည်။ စည်းလုံးညီညွတ်မှုမရှိ၊ ပြည်တွင်းငြိမ်းချမ်းမှုမရှိသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ခက်သည်။ စည်းလုံးညီညွတ်ရန်အတွက် မျိုးဆက်သစ်လူငယ်တိုင်း၏ အရည်အသွေး တွေးခေါ်မြော်မြင်မှု ယုံကြည်ချက်၊ ခံယူချက်များအပေါ်တွင် အခြေစိုက်သည်။

စာမျက်နှာ ၇ သို့ ◆

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ Synthetics မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း တည်ဆောက်ပြီးစီးမှုနှင့် Synthetics မီတာ ၄၀၀ ပြေးလမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ အမြန်ဆုံးပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ G.10၊ G.11၊ G.12 ကျောင်းသား ကျောင်းသူများ အောက်တိုဘာ နှစ်ဝက်ဆုံးစာမေးပွဲ Chemistry ဘာသာရပ်ဖြေဆိုနေမှုကိုကြည့်ရှု၍ စာမေးပွဲဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ သင်တန်းသား သင်တန်းသူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက် ရှိသည့် ဆေးပေးခန်းများနှင့် သင်တန်းသား သင်တန်းသူများ နေ့လယ်စာ စားသောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ယာယီနေရာပ်စွန့်ခွာသည့် ဝန်ထမ်းများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ အားကစားပစ္စည်းများနှင့် လိုအပ်သည်များကို ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီသည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ Hotel Hazel အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအထက်ပိုင်း ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသောလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်ဒေသများအလိုက် ခရီးသွားဆွဲဆောင်ရာ နေရာများကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းခြင်း၊ ခရီးစဉ်နေရာအသစ် ဖော်ထုတ်ခြင်းများ ဆောင်ရွက်ပြီး ခရီးစဉ်အသစ်များ ရေးဆွဲဆောင်ရွက်သွားရန်နှင့် ခရီးစဉ်ဒေသအချင်းချင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များအကြားချိတ်ဆက်ကာ ခရီးစဉ်လမ်းကြောင်းအသစ်များ ဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့ဒေသရှိ ခရီးစဉ်ဆွဲဆောင်ရာ နေရာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ခရီးသွားများ သိရှိစေရေး ဆောင်ရွက်ရန်နှင့် ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံအထက်ပိုင်း ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ "ဂျုံသီးနှံအတွက် ချေးငွေထုတ်ချေးပေးမည့်အစီအစဉ်" အသိပေးကြေညာချက်

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားဦးကြီးများသို့ စိုက်ပျိုးစရိတ်ချေးငွေများကို နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပြီး တောင်သူလယ်သမားကြီးများကလည်း သီးနှံပေါ်ချိန်တွင် ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်ခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်နှင့်တောင်သူဦးကြီးများအကြား နှစ်ဦးနှစ်ဖက် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၂။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် စပါးသီးနှံအပါအဝင် သီးနှံ ၂၃ မျိုးအား မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိပါသည်။ နိုင်ငံတော်အနေဖြင့် ဂျုံသီးနှံတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၂၅ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေမှ စတင်၍ ဂျုံသီးနှံချေးငွေအား တစ်ဧကချေးငွေကျပ် ၁၅၀၀၀၀ နှုန်း၊ တစ်နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲများမှတစ်ဆင့် ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် ဂျုံသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ် ဘဏ်ခွဲများနှင့် အမြန်ဆုံးဆက်သွယ်ကြရန်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သထုံမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**သထုံ အောက်တိုဘာ ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းအရ ယခုဘဏ္ဍာနှစ်၌ သထုံခရိုင်အတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းတို့မှ ထူးချွန်သင်တန်းသားများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခွန်ထွန်းထွန်းလှက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးအောင်၊ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်အိကလျာနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်တို့က သင်တန်းအသီးသီးတို့မှ ထူးချွန်သင်တန်းသား သင်တန်းသူ ၁၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၂ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် ယခုဘဏ္ဍာနှစ်တွင် သထုံခရိုင်အတွင်းရှိ ကျေးရွာ ခုနစ်ရွာတို့၌ ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းများ ဖွင့်လှစ်ခဲ့ရာ သထုံမြို့နယ်တွင် နောင်ကုလားကျေးရွာအုပ်စု ရှမ်းရွာ၌ အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး ပြုပြင်နည်း၊ ဇရစ်ချောင်ကျေးရွာအုပ်စု ကျောင်းရွာ၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်လုပ်ငန်းနှင့် ပေါ်တော်မူကျေးရွာအုပ်စု ဝိသုဒ္ဓိရွာ၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းတို့ကို ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းတို့မှ ထူးချွန်သူ ၁၅ ဦးတို့အား ရွေးချယ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

◆ စာမျက်နှာ ၆ မှ

ယနေ့အချိန်အခါ၌ မြန်မာနိုင်ငံ၏ မည်ကဲ့သို့သော ဒေသ၌ရှိနေသည့်ကျောင်း၊ တက္ကသိုလ်မှ ဆရာသည် မိမိရောက်နေသောဒေသ၏ သင်ကြားသင်ယူမှုဝန်းကျင်ကို ကောင်းမွန်အောင်၊ လူများစု သင်ယူလေ့လာနိုင်သည့် ဝန်းကျင်ကောင်းဖြစ်သည်အထိ မျှော်မှန်းပြီးဆောင်ရွက်ရန် ဆရာသည် အလွန်အားထုတ်ပေးရမည့်နေရာတွင် ရောက်ရှိနေသည်။ ဆရာ၏ ပညာအရည်အသွေး သဘောထားအမြော်အမြင်မြင့်မားမှုသည် လိုအပ်ချက်တစ်ခုဖြစ်သည်။ ဘယ်ဒေသမှ ကလေးသူငယ်ဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်လာရန် လူထုက လိုလားရပါမည်။ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး ညီညွတ်မျှတမှုအတွက် နိုင်ငံသားအားလုံး၏ အသိဉာဏ်ပညာ၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရန်၊ ပညာရေးကို မြှင့်တင်နေကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေးသည် ဝေဖန်သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း လေ့လာစရာနယ်ပယ်သစ်များကို ဖြစ်နိုင်စွမ်းရှိအောင်မျှော်မှန်းပြီး ဆောင်ရွက်ကြရမည့် ခရီးရှည်ဖြစ်သည်။ ကျောင်းသည် လမ်းဆုံလမ်းခွပင်၊ လူဆိုးလေးအဖြစ်နှင့် ကျောင်းမှထွက်သွားမလား၊ လူတော်လူကောင်း ထူးချွန်သူအဖြစ်ဖြင့် ကျောင်းမှထွက်သွားမလား၊ ဤနှစ်ခုကို စီစဉ်ညွှန်ကြားသူက ဆရာပင်၊ ဒါရိုက်တာသည် ဆရာဖြစ်သည်။ လူချွန်လူကောင်းလေးများဖြစ်သွားရန် ပါရမီကြောင့်မအောင်မြင်လျှင် စိတ်ထားကောင်းမွန်သည့် ကလေးဘဝဖြင့် ထွက်သွားရန် ကြိုးစားရမည်။ မှန်ကန်သော နည်းကောင်းလမ်းမှန်များကို ရွေးချယ်တတ်သူ၊ စည်းရုံးလှုပ်ရှားတတ်သူ၊ အစဉ်နိုးကြားတက်ကြွသူ၊ ဦးဆောင်မှုပေးတတ်သူများဖြစ်လာရန် အလွန်အရေးကြီးသည်။

ဆရာများက ပညာရေးမျှော်မှန်းပန်းတိုင်ရောက်ရန် လမ်းညွှန်ရာတွင် ကြိုးစားပမ်းစားဖြင့် ပညာများပေးသဖြင့် လူထု၏ အားကိုးရာဖြစ်သည်။ ဆရာ ဆရာမများသည် တပည့်များကို အဖိုးတန်လူငယ်လူရွယ်၊ လူရည်ချွန်၊ လူရည်မွန်များဖြစ်အောင် အားထုတ်ပေးကြရမည်။ မိမိနေအိမ်၊ ရပ်ရွာဒေသကို ကောင်းသည်ထက်ကောင်းအောင် တည်ဆောက်ကြရမည်ဖြစ်သည်။ လူ့အဖွဲ့အစည်း လူထုလိုအပ်ချက်၊ စက်ရုံလိုအပ်ချက်၊ တစ်ဦးကိုတစ်ဦး ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြည့်ဆည်းသွားကြရမည်ဖြစ်သည်။ ပို့ချသူဆရာ ဆရာမများသည် မည်သည့်အဆင့်တွင်ပင်ရှိစေ ပညာရေးကို မိမိကျောင်းဝင်းထဲမှကိစ္စလောက်ဟုသဘောမထားတော့ဘဲ လူ့အဖွဲ့အစည်း၏ အရေးကိစ္စဖြစ်သည့်အတွက် ဆရာ ဆရာမအပေါင်းသည် အမျိုးသားရေးတာဝန်ကိုထမ်းဆောင်နေသူများဖြစ်သည်။ သင်ကြားသင်ယူမှု၊ ပရောဂျက်နှင့် သုတေသနနယ်ပယ်အထိ ကောင်း၍တော်သော မျိုးဆက်သစ်လူငယ်လူကြီးများ၊ လူပုံအလယ် တင့်တယ်သော ပုဂ္ဂိုလ်များ၊ ပညာတတ်များအဖြစ် မွေးထုတ်နေကြသူများမှာ ဆရာများဖြစ်၍ ဂုဏ်ယူရပါသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်း အရည်အသွေး ရရှိသွားရန် အာမခံချက်အပေးဆုံးသည် မြတ်ဆရာများဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားလာသည်နှင့်အတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်၏ ညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ရေးရှုနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ရွှေသီးရန်၊ နိုင်ငံတော်ဖွံ့ဖြိုးရန်၊ နိုင်ငံတော်သာယာရန် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြသူ ဆရာများအား ဂုဏ်ပြုသည့် ကမ္ဘာ့ဆရာများနေ့ကို လူထုတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများ စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်သူ့ဆေးရုံ ကလောမြို့သို့ ရောက်ရှိ၍ ဆေးရုံအုပ်၊ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူအများအားကိုးယုံကြည်မှုရှိသော ဆေးရုံများဖြစ်အောင်၊ ပြည်သူလူထုစိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်စေရန်နှင့် နိုင်ငံတော်အစိုးရက ပံ့ပိုးမှုများကို ပြည်သူလူထု တိုက်ရိုက်ခံစားရရှိအောင် စေတနာထား ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထုအား ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် ခွဲစိတ်ကုသမှုများ ၊ ဓာတ်ခွဲဓာတ်မှန်များအတွက် နိုင်ငံတော်က လုံလောက်အောင် ထောက်ပံ့ပေးထားပြီးဖြစ်၍ လူနာများ စိုက်ထုတ်ကုန်ကျမှုမရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**တိုက်တွန်းမှာကြား**

ဓာတ်ခွဲစမ်းသပ်မှုများအတွက် ခုတင် ၂၀၀ အဆင့်အထိ တစ်ပြေးညီတိုးမြှင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံလိုအပ်သောဆေးဝါးများ၊ ပဋိဇီဝဆေးဝါးများနှင့် အခြေခံအရေးပေါ်ဆေးဝါးများအား နိုင်ငံတော်က ထောက်ပံ့ပေးထားပြီးဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံများတွင် တီဘီ၊ ခုခံကျကာလသားရောဂါ၊ ငှက်ဖျားရောဂါများ၊ မကူးစက်နိုင်သောရောဂါများဖြစ်သည့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါများအတွက်လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဆေးဝါးများ ထောက်ပံ့ပေးထားပြီးဖြစ်ပါကြောင်း၊ အဆိုပါဆေးဝါးများကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူထောက်ပံ့ပေးထားခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ပေးမှုများသည် နိုင်ငံတော်ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်းမာရေးအာမခံစနစ် ပေါ်ပေါက်လာစေရန် အထောက်အကူများဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း လူနာများ၊ လူနာရှင်များနှင့် Public Relation ကောင်းမွန်အောင် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုပါကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများနှင့် တွေ့ဆုံကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ် ခေါင်တိုင်ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှု၍ ပြင်ပလူနာဌာန၊ သားဖွားခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ရွှေမြို့နယ် အင်းလေးဒေသ လင်းကင်းကျေးရွာအုပ်စု ဖွဲဇင်းတောင်ကျေးရွာ၌ အသစ်တည်ဆောက်မည့် လင်းကင်းတိုက်နယ်ဆေးရုံအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် လျာထားမြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံ ညောင်ရွှေမြို့သို့ ရောက်ရှိကာ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာနများသို့ လှည့်လည်ကြည့်ရှုကာ အစည်းအဝေးခန်းမ၌ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံ၍ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒလမြို့နယ်၌ သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်

**ဒလ အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိသည့် ဆီးချို၊ သွေးတိုးရောဂါ ကုသမှုပေးခြင်းနှင့် သက်ကြီးပုဂ္ဂိုလ်များ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ကို ယမန်နေ့နံနက်ပိုင်းက ဒလမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းဝင်းနှင့် ဝန်ထမ်းများက ဘိုးဘွားများအား ဆီးချိုသွေးချို၊ သွေးတိုးရောဂါများကို စစ်ဆေးကုသပေးခြင်း၊ ၁၀ မိနစ်စာ ခုံထိုင်လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းနှင့် သက်ကြီးကျန်းမာရေးဆိုင်ရာ စကားဝိုင်းများဖြင့် အသိပညာဖလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ သက်ကြီးပုဂ္ဂိုလ်များအား ရင်ခေါင်းဓာတ်မှန် ရိုက်ခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းများ၊ ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ **ခင်စန္ဒာမြင့်(ပြန်/ဆက်)**



## ရေးမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**ရေး အောက်တိုဘာ ၂**

မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးခြင်းနှင့် ဆုံဆို့မေးခိုင်ကာကွယ်ဆေး(DT)ထိုးနှံပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးမြို့နယ် တပ်နယ်မှူးဗိုလ်မှူးကြီး ကောင်းဇော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်မျိုးထက်က ကျောင်းအခြေပြုကာကွယ်ဆေးထိုးနှံရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက် ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူ Grade–3 မှ ၁၄ ဦးနှင့် Grade–4 မှ ၅၅ ဦးတို့အား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးခြင်းနှင့် အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူ ၄၆ ဦးတို့အား ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေး(DT) ထိုးနှံပေးနေမှုကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး အားပေးစကားပြောကြားသည်။

ရေးမြို့နယ်၌ ကျောင်းအခြေပြု ဆုံဆို့မေးခိုင်ရောဂါကာကွယ်ဆေးကို ကျောင်းသား ကျောင်းသူ ၃၈၇၉ ဦးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးကို ကျောင်းသူ ၂၀၂၈ ဦးတို့အား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မင်းလှမြို့နယ်၌ သဘာဝဘေးအန္တရာယ်များ ကယ်ဆယ်နိုင်ရေး လေ့ကျင့်မှုများဆောင်ရွက်

**အထက်မင်းလှ အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရည်မှန်းချက်တာဝန် (၄)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ဒေသအတွင်းသဘာဝဘေးအန္တရာယ်နှင့်အခြားသောဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးစုဖွဲ့ထားရှိမှုနှင့် လေ့ကျင့်မှုများကို ယနေ့နံနက် ၇ နာရီက မီးသတ်ဦးစီးဌာနရုံး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ကိုကို ဦးဆောင်သောတပ်ဖွဲ့ဝင်များက မင်းလှမြို့နယ် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက ရှာဖွေကယ်ဆယ်ရေး လျင်မြန်စွာတုံ့ပြန်နိုင်ရေး ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းကိရိယာများဖြင့် လေ့ကျင့်မှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**

## ပေါက်ခေါင်းမြို့နယ် မီးသတ်ဦးစီးဌာန၌ မီးသတ်အထောက်အကူပြုယာဉ်ပေးအပ်ပွဲ ကျင်းပ

**ပေါက်ခေါင်း အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မီးသတ်အထောက်အကူပြုယာဉ် (MILK TRUCK) ရောက်ရှိပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားပြီး ပေါက်ခေါင်းမြို့နယ်မီးသတ်စခန်း ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းသန်းက မီးသတ်အထောက်အကူပြုယာဉ်၏ စွမ်းဆောင်ရည်များကို ရှင်းလင်းပြောကြားပြီး ဦးအောင်ချိုဦးက ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းသန်းအား မီးသတ်အထောက်အကူပြုယာဉ်နှင့် ပတ်သက်၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**




# ဥပဒေရေးရာဝန်ကြီးဌာနက ၂၀၂၄ ခုနှစ် ဥပဒေများစာအုပ်နှင့် ၂၀၂၄ ခုနှစ်၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်တို့ ထုတ်ဝေ

**နေပြည်တော် အောက်တိုဘာ ၂**

ဥပဒေရေးရာဝန်ကြီးဌာနသည် လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၃၅ အရ ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲများပြုစုခြင်းနှင့် ထုတ်ဝေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ နှစ်အလိုက် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို စုစည်း၍ ဥပဒေများစာအုပ်ကိုလည်းကောင်း၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ကြေညာချက်များကို စုစည်း၍ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်ကိုလည်းကောင်း နှစ်စဉ်ထုတ်ဝေလျက်ရှိပြီး ယခုအခါ ၂၀၂၄ ခုနှစ်၊ ဥပဒေများစာအုပ်နှင့် ၂၀၂၄ ခုနှစ်၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်တို့ကို ထုတ်ဝေပြီးဖြစ်သည်။




"၂၀၂၄ ခုနှစ်၊ ဥပဒေများစာအုပ်" သည် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သော ဥပဒေများကိုစုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး အဆိုပါစာအုပ်တွင် ဥပဒေပေါင်း ၇၀ ပါဝင်သည်။

"၂၀၂၄ ခုနှစ်၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်" သည် ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များကို စုစည်း၍ စာအုပ်ထုတ်ဝေခြင်းဖြစ်ပြီး အဆိုပါစာအုပ်တွင် နည်းဥပဒေခြောက်ခု၊ လုပ်ထုံးလုပ်နည်း ခုနစ်ခု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ပေါင်း ၆၄ ခုတို့ ပါဝင်သည်။

အဆိုပါ ၂၀၂၄ ခုနှစ်၊ ဥပဒေများစာအုပ်နှင့် ၂၀၂၄ ခုနှစ်၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များစာအုပ်တို့ကို ဥပဒေရေးရာဝန်ကြီးဌာန စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူနိုင်ကြောင်း သိရှိရပြီး ယင်းစာအုပ်များသည် တရားဝင်ရည်ညွှန်းကိုးကားနိုင်သည့် စာအုပ်များဖြစ်ပြီး ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်သော စာအုပ်ကောင်းဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ်များဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟို)အဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံ ပေးအပ်

**မကွေး အောက်တိုဘာ ၂**

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟို)အဆင့်သို့ သွားရောက်ယှဉ်ပြိုင်မည့် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံနှင့် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို (ဗဟို) အဆင့်တွင် တိုင်းဒေသကြီး ကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲကျင်းပပြီး အနုပညာရှင်မျိုးဆက်သစ်များကို စနစ်တကျ ရွေးချယ်ဖော်ထုတ်ပေးခဲ့ကြောင်း၊ အနုပညာအရည်အသွေး ပြည့်ဝစေရန် ပြိုင်ပွဲဝင်များအား သက်ဆိုင်ရာဘာသာရပ် နည်းပြများဖြင့် အနီးကပ်သင်ကြား လေ့ကျင့်ပေးခဲ့ကြောင်း၊ တိုင်းဒေသကြီးကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအနေဖြင့် ယခင်နှစ်ထက်သာလွန်သည့် အောင်မြင်မှုများနှင့် တိုင်းဒေသကြီးဂုဏ်ဆောင် ဆုတံဆိပ်များ ဆွတ်ခူးရရှိစေရေး ကြိုးစားယှဉ်ပြိုင်ကြစေရန် ရည်ရွယ်၍ အောင်နိုင်ရေးအလံနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လိုက်ပါကြောင်းနှင့် ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုဆုများ ထိုက်တန်စွာ ထပ်မံချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းကိုယ်စားပြု ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံကိုပေးအပ်ရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးကလည်းကောင်း၊ ပြိုင်ပွဲဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ် ၁၄၇ သိန်းကို ပေးအပ်ရာ အဖွဲ့အုပ်ချုပ်သူကလည်းကောင်း လက်ခံရယူကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (ဗဟို)အဆင့် ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အဖွဲ့များ၏ ဝတ်စုံပြည့် ဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အစည်းအဝေးကျင်းပ



**မုံရွာ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း အကြောင်း အမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးမှူးများနှင့် အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံပညာကျောင်းများ ရာနှုန်းပြည့် ဖွင့်လှစ်နိုင်ရေး၊ ကျောင်းနေအရွယ် ကလေးများအားလုံး အေးချမ်းစွာပညာသင်ယူနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူးနှင့် မုံရွာခရိုင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများက ကျောင်း၏ သင်ကြားရေးလုပ်ငန်းများ၊ ကျောင်းဆောင်ကြံ့ခိုင်မှုနှင့် ကျောင်းပရိဘောဂများ ပြည့်စုံလုံလောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ရန်ကင်းမြို့နယ် အမှတ် (၁၅) ရပ်ကွက်နေပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသက် ၁၆ နှစ်မှ – ၁၈နှစ်ကြား၊ အသက် ၁၈နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား မြေပြင်ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းကို အောက်တိုဘာ ၂ ရက်က ရန်ကင်းမြို့နယ်ဦးစီးမှူးရုံးမှ လဝကမှူး ဒေါ်ပြည့်ပြည့်စိုးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ လှလှထွေး(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂**

သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် သရက်ခုံကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး သည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

ဦးစွာ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနမှူးက သဘာဝမြေဆွေး၊ မြေဩဇာပြုလုပ်နည်း၊ အသုံးပြုပုံများကို ဆွေးနွေးတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဓာတ်မြေဩဇာသွင်းအားစုများ၊ EM ဆေးရည်နှင့် သဘာဝမြေဩဇာများကို တောင်သူများထံ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး မြေပဲခွံ၊ EM၊ စွန့်ပစ်အမှိုက်များဖြင့် သဘာဝမြေဆွေး သရုပ်ပြပြုလုပ်ထားရှိမှုကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ SMU ခန်းမ၌ ကျင်းပသည့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး တောင်သူများနှင့် တွေ့ဆုံဆွေးနွေးကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေကြာမျိုး(ရေဆင်းစပ်မျိုးနေကြာ - ၁)များကို တောင်သူများထံ ပေးအပ်ကြသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီနှင့် နေပြည်တော်အဆင့်ဌာနဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ နေပြည်တော်မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒကွိဏ)**



## ပေါင်မြို့နယ်၌ မိုးစပါးဆစ်ပိုးကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြပွဲပြုလုပ်

**ပေါင် အောက်တိုဘာ ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မိုးစပါးဆစ်ပိုးကာကွယ်နှိမ်နင်းခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျေးရွာနှစ်ရွာ၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စွာလှိုင်က မိုးစပါးများတွင်ကျရောက်တတ်သော စပါးဆစ်ပိုးများ ကာကွယ်နှိမ်နင်းရန်အတွက် တောင်သူများပိုးသတ်ဆေးနည်းစနစ်မှန်ကန်စွာ သုံးစွဲတတ်စေရေးနှင့် မိုးစပါးတွင် ဆစ်ပိုးကျရောက်မှုမရှိစေရေးအတွက် ပိုးသတ်ဆေးကြိုတင်ပက်ဖျန်းခြင်း တောင်သူပညာပေးကွင်းသရုပ်ပြခြင်းကို ရွာတန်းရှည်ကျေးရွာရှိ တောင်သူဦးဟန်ဝင်းအောင်၏လယ်မြေနှင့် ဖြူဘကျေးရွာရှိ တောင်သူ ဦးသန်းထွန်း၏ လယ်မြေတို့တွင် ဆောင်ရွက်ခဲ့ရာ ကျေးရွာတစ်ရွာလျှင် တောင်သူ ၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကတွန်ကျေးရွာ၊ ပန်းကုန်းကျေးရွာ၊ သဲဖြူကုန်းကျေးရွာတို့တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## နတ်တလင်းမြို့၌ ပြည်ပပို့ကုန်သီးနှံ ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာဆွေးနွေး

**နတ်တလင်း အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးနည်းပညာဆွေးနွေးပွဲကို အောက်တိုဘာ ၁ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး နတ်တလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မြင့်ထွေးက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးဆောင်ရွက်မည့်အစီအစဉ်များ၊ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်ထုတ်ပေးမှုအခြေအနေများ၊ ပြည်ပပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုသုံးသပ်ချက်များ၊ စိုက်ပျိုးမြေ/စိုက်ပျိုးရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအရင်းများ၊ စိုက်ပျိုးနည်းပညာပေးခြင်းနှင့် စစ်ဆေးခြင်းများဆောင်ရွက်ခြင်း၊ ပန်းတိုင်အထွက်နှုန်းတိုးတက်ရရှိရေးတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်အေးအေးဆွေက ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## ကော့သောင်းမြို့နယ်၌ ကြားသီးနှံစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ကော့သောင်း အောက်တိုဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ကော့သောင်းမြို့နယ် (၁၀)မိုင် စိုက်ပျိုးရေးဥယျာဉ်ခြံတွင် ကြားသီးနှံ ( ဝဥ ၊ ငရုတ်ကောင်း၊ ဟင်းသီးဟင်းရွက် ) စိုက်ပျိုးခြင်း



ကွင်းသရုပ်ပြခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ကော့သောင်းခရိုင်ဦးစီးမှူးဦးမြင့်ဇော်က အမှာစကားပြောကြားပြီး (၁၀) မိုင် ဥယျာဉ်ခြံဦးစီးမှူး ဒေါ်ရီရီစိန်က ကြားသီးနှံ ( ဝဥ ၊ ငရုတ်ကောင်း၊ ဟင်းသီးဟင်းရွက်) စိုက်ပျိုးခြင်းကွင်းသရုပ်ပြမှု ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၁၀) မိုင် ဥယျာဉ်ခြံဦးစီးမှူးနှင့် တာဝန်ရှိသူများက ဥယျာဉ်ခြံအတွင်း ကြားသီးနှံ ( ဝဥ၊ငရုတ်ကောင်း၊ ဟင်းသီးဟင်းရွက် ) သီးနှံများ လက်တွေ့စိုက်ပျိုးကွင်းသရုပ်ပြခဲ့ပြီး တက်ရောက်လာကြသူများက ပူးပေါင်းပါဝင်အားဖြည့်ဆောင်ရွက်ခဲ့ကြသည်။ ယင်းနောက် (၁၀)မိုင် ဥယျာဉ်ခြံဦးစီးမှူးက ဥယျာဉ်ခြံအတွင်း ကြားသီးနှံများ စိုက်ပျိုးထားရှိမှုများကို လိုက်လံရှင်းလင်းပြသခဲ့ရာ တာဝန်ရှိသူများနှင့် တောင်သူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ရူပါမြင့် (ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေး ဆွေးနွေး

**ပေါက်ခေါင်း အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းအေးက ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရန် ဆောင်ရွက်ကျင့်သုံးရမည့် နည်းလမ်းများကို ဆွေးနွေးပြောကြားကာ ပေါက်ခေါင်းမြို့နယ်ရှိ မြေ၊ မျိုး၊ ပိုးတာဝန်ခံများက သီးနှံတွင် ဓာတ်ကြွင်းကင်းစင်စေမည့် နည်းပညာများအကြောင်းတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တောင်သူအချင်းချင်းမှ မိမိတို့စိုက်ပျိုးထားသော သီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးနှင့်ပတ်သက်၍ နှီးနှောဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**



# ပဲခူးမြို့ ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပါဒစေတီတော်အသစ် ပြန်လည်တည်ထားကိုးကွယ်နိုင်ရေး ပထမအကြိမ် အလှူတော်ငွေပေးအပ်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပ

ပဲခူး အောက်တိုဘာ ၂

ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပါဒစေတီတော်အသစ် ပြန်လည်တည်ထားကိုးကွယ်နိုင်ရေး ပထမအကြိမ် အလှူတော်ငွေပေးအပ်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပဲခူးမြို့ ရွှေသာလျောင်းဘုရားရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် စေတနာရှင်အလှူရှင်များက ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော်၊ သာသနဝ္ဂဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်နှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက လှုရတနာဆရာတော်တို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် အလှူရှင်များက ကြွရောက်လာသည့် ဆရာတော် သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် ပဲခူးမြို့ ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပါဒစေတီတော်အသစ် ပြန်လည်တည်ထားကိုးကွယ်နိုင်ရေးအတွက် လှုရတနာဆရာတော်ကိုယ်စား တပည့်ဒါယကာတစ်ဦးက အလှူငွေကျပ် ၁၀၈ သိန်း၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူငွေကျပ်သိန်း ၁၀၀ နှင့် လှုရတနာဆရာတော်ကြီး၏ တပည့်ဒါယကာ ဒါယိကာမများ၊ ပဲခူးမြို့မှ အလှူရှင်များက အလှူငွေများဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာမိက ဝမ်းမြောက်စကားမြွက်ကြားပြီး ကြွရောက်လာသည့် ဆရာတော်သံဃာတော်အရှင်သူမြတ်များက မေတ္တာပို့ ဆုတောင်း ဂါထာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက လှုရတနာဆရာတော်က အနုမောဒနာတရားဟောကြားချီးမြှင့်ပေးပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှအတမ်းပေးဝေကြသည်။

ပဲခူးမြို့ ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပါဒစေတီတော်အသစ် ပြန်လည်တည်ထားကိုးကွယ်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက လှုရတနာဆရာတော်အရှင်သူမြတ်၊ စေတနာရှင်အလှူရှင်များက ပထမအကြိမ်အဖြစ် အလှူတော်ငွေကျပ် ၂၅၁၂ သိန်း ၅ သောင်းနှင့် ယွမ် ၂၀၀၀ တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ သပြေကုန်းဘိုးဘွားရိပ်သာသို့သွားရောက်၍ အဘိုးအိပ်ဆောင်အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုနှင့် အာဟာရဆောင် ပြန်လည်ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အဘိုးအဘွားများ အာဟာရပြည့်စုံမှုရှိစေရေး၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးကုသခြင်းများ ပြည့်စုံမှုရှိစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့ကျက်သရေဆောင် ရွှေယဉ်မျှော်ပြည်တော်စေတီတော်၌ (၇၆) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူ




**နေပြည်တော် အောက်တိုဘာ ၂**

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် စာသင်၊ စာချ သီတင်းသုံးနေထိုင်တော်မူသော ဆရာတော်၊ သံဃာတော်၊ သာမဏေ၊ သီလရှင်များ ဆွမ်းကိစ္စ ခက်ခဲပင်ပန်းမှုမရှိစေရေး၊ ပစ္စည်းလေးပါး အဆင်ပြေစေရေး၊ ထေရဝါဒဗုဒ္ဓသာသနာတော်ကို အထောက်အပံ့ဖြစ်စေရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ရွှေယဉ်မျှော်ပြည်တော်စေတီတော်၌ (၇၆) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ပြည်သူများသည် ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၅ ကျောင်းနှင့် သီလရှင်ကျောင်း ၁၅ ကျောင်းတို့မှ ဆရာတော်၊ သံဃာတော်၊ သာမဏေ၊ သီလရှင်အပါး ၂၆၈၀ တို့အား ဆွမ်းဆန်တော်၊ ခေါက်ဆွဲခြောက်၊ တိုင်းရင်းဆေး အမျိုးမျိုးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းလောင်းလှူကြသည်။

ယမန်နေ့ကလည်း ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြည်နယ်ရှိ သက်ကြီး အဘိုးအဘွားများအား ဂုဏ်ပြုထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများက ဂုဏ်ပြုခံအဘိုးအဘွားများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ တစ်ပါတည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ (၂၉)ကြိမ်မြောက် ဩဝါဒခံယူပွဲပြုလုပ်

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့၌ ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ (၂၉)ကြိမ်မြောက် ဩဝါဒခံယူပွဲကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက စေတီတော်ကြီးဂေါပကအဖွဲ့ရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ပင့်ဖိတ်ထားသော ဩဝါဒါစရိယဆရာတော်အရှင်သူမြတ်များ ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆုတောင်းပြည့်မယ်လမု ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆုတောင်းပြည့်စေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှကြည်က ဂေါပကအဖွဲ့၏ (၂၀၂၄-၂၀၂၅)ခုနှစ် တစ်နှစ်တာကာလ ဆောင်ရွက်ခဲ့သည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများ တင်ပြလျှောက်ထားပြီး ဆုတောင်းပြည့်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးသန်းအောင်က စေတီတော်၏ ဘဏ္ဍာရေးအခြေအနေများကို တင်ပြလျှောက်ထားကြသည်။ ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးများအား စေတီတော်ဂေါပကနှင့်အဖွဲ့ဝင်များက နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ (သက်ကြီးပူဇော်ပွဲ)ကျင်းပ

မြိတ် အောက်တိုဘာ ၂

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့(သက်ကြီးပူဇော်ပွဲ)ကို မြိတ်မြို့ တောင်သာယာဘိုးဘွားရိပ်သာ၌ ယမန်နေ့က အောင်ဘောဇနခန်းမ၌ ကျင်းပသည်။



ပူဇော်ပွဲတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (သက်ကြီးပူဇော်ပွဲ) ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက်ဘိုးဘွားများအား ကန်တော့ချိုးများဖြင့် ပူဇော်ကန်တော့ကြပြီး ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကန်တော့ခံဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ကျေးဇူးတင်ဩဝါဒစကားနှင့် ဆုတောင်းမေတ္တာပို့သသည်။

ပူဇော်ပွဲအပြီးတွင် ဘိုးဘွားများအား မြိတ်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များက ကျန်းမာရေးစစ်ဆေးကုသပေးသည်။ ပူဇော်ပွဲတွင် ဘိုးဘွားရိပ်သာမှ ကန်တော့ခံဘိုးဘွား ၃၅ ဦးအား အဝတ်တစ်စုံစီ၊ စားသောက်ဖွယ်ရာများ၊ ကန်တော့ငွေကျပ် ၅၀၀၀၀ စီနှင့် မြိတ်မြို့ပေါ်ရှိ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွား ၂၄၅ ဦးအား တစ်ဦးလျှင် ကန်တော့ငွေကျပ် ၅၀၀၀၀ စီ တာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ပေးအပ်ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘီလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲကျင်းပ




ရန်ကုန် အောက်တိုဘာ ၂

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘီလိယက်နှင့် စနူကာ ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်ရှိ ပဒေသာ အားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးများ၊ အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည် တော်များ၊ အုပ်ချုပ်သူ/နည်းပြ များ၊ ဒိုင်လူကြီးများနှင့် အားကစား သမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီး ချုပ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြား သည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမား များက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုပြီး တိုင်းဒေသကြီး ဝန်ကြီး ချုပ်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ က ပြိုင်ပွဲဝင် အားကစားသမား များကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး တို့က ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုချီးမြှင့် ငွေကျပ် ငါးသိန်းကို ပေးအပ်ချီးမြှင့် ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲကို ဘီလိယက်ထိုး၍ ဖွင့်လှစ် ပေးကာ ယနေ့ယှဉ်ပြိုင်သည့် ဘီလိယက် တစ်ဦးချင်းပြိုင်ပွဲနှင့် စနူကာ 15-Red တစ်ဦးချင်းပြိုင်ပွဲ များကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး သည် ရန်ကုန်မြို့ အင်းယားလမ်းရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်သို့ ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင် လှေကျင့်နေသည့် ပဏာမလက်ရွေးစင်လှေလှော် အားကစားသမားများ လေ့ကျင့် နေမှုကို ကြည့်ရှုစစ်ဆေးကာ အားကစားသမားများ စံချိန်၊ စံညွှန်းများ ပိုမိုကောင်းမွန်အောင် လေ့ကျင့်ကြရန် ၊ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်နှင့် အချိန်ပေး ကြိုးစားထားသည်နှင့် ညီမျှသည့် အောင်မြင်မှုများကို ရရှိအောင် ကြိုးစားကြရန် မှာကြားသည်။

ဆက်လက်၍ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံကွင်းအတွင်း ရှိ ဝူရှူးအားကစားလေ့ကျင့်ရေးရုံ သို့ ရောက်ရှိပြီး စခန်းဝင်လေ့ကျင့် လျက်ရှိသည့် ထောက်လု/ ဆန်းဆို အားကစားနည်းများမှ ပဏာမ လက်ရွေးစင် ဝူရှူး အားကစား သမားများ လေ့ကျင့်နေမှု၊ ခြင်းလုံး အားကစားရုံ၌ ပဏာမလက်ရွေးစင် ခြင်းလုံး အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ မြန်မာနိုင်ငံဘီလိယက် နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေး ခန်းမသို့ ရောက်ရှိပြီး စခန်းဝင် လေ့ကျင့်နေသည့် ပဏာမ လက်ရွေးစင် ဘီလိယက်နှင့် စနူကာ အားကစားသမားများ၏ တစ်နေ့တာ လေ့ကျင့်သည့် လေ့ကျင့်ချိန် အရေအတွက်၊ လေ့ကျင့်မှုပုံစံ၊ လေ့ကျင့်သည့် စံချိန်၊ စံနှုန်းရရှိသည့် အနေအထား တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ASEAN-COCI နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် အောက်တိုဘာ ၂

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ(ASEAN-COCI)တည်ထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသည့် ပြိုင်ပွဲဝင်များအနေဖြင့် ယှဉ်ပြိုင်မည့်ဓာတ်ပုံများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၉ ရက် နောက်ဆုံးထား၍ https://forms.gle/TWtjdqk81vqAGVbc7 မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်သည့် သတ်မှတ်ချက်များကို https://asean.org/call-for-submissions-asean-coci-2025-jubilee-photo-competition-2 တွင် အသေးစိတ် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ပြိုင်ပွဲတွင် ဆုရရှိသူများအား အမေရိကန်ဒေါ်လာ ပထမဆု ၁၀၀၀၊ ဒုတိယဆု ၇၅၀ နှင့် တတိယဆု ၂၅၀ ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်ဒေသရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်




နေပြည်တော် အောက်တိုဘာ ၂

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် တာဝန်ရှိသူ များနှင့်အတူ ယမန်နေ့နံနက်ပိုင်း က ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့ရှိ ဘုန်းတော်ကြီး ကျောင်းများသို့ သွားရောက်ကာ ကျောင်းထိုင်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ် ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization - DMO)များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဟိုတယ် နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များ နှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့သည် ရာသီဥတု ကောင်းမွန်၍ တောင်ကုန်း၊ တောင်တန်းများ၊ လယ်ယာစိုက်ခင်း များနှင့် သာယာလှပသည့်ရှုခင်း များကို ပိုင်ဆိုင်သည့် တောင်ပေါ် ဒေသဖြစ်သောကြောင့် ခရီးသွား များ လာရောက်အပန်းဖြေ လည်ပတ်ရန် ကောင်းမွန်သည့် နေရာတစ်ခုဖြစ်ကြောင်း၊ ဒေသခံ တိုင်းရင်းသားတို့၏ ရိုးရင်းစွဲ ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ် အလာများကို ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုသိရှိပြီး လာရောက် လည်ပတ်နိုင်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာ သည့် ဌာနဆိုင်ရာများ၊ ဟိုတယ် နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့ များနှင့် လုပ်ငန်းရှင်များ၊ ဒေသခံ များက ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း ဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယ ဝန်ကြီးက ပေါင်းစပ်ဆောင်ရွက် ပေးပြီး မိုင်းပန်မြို့ရှိဒေသခံလူငယ် များအတွက် အားကစားပစ္စည်း အသုံးအဆောင်များ ထောက်ပံ့ ပေးအပ်သည်။

ဆက်လက်၍ မိုင်းပန်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးရုံ တက်ရောက် ကုသနေသော ဆေးရုံတက် လူနာများအား တွေ့ဆုံအားပေးစကား ပြောကြား ကာ လူနာတစ်ဦးချင်းအတွက် ထောက်ပံ့ငွေနှင့် အာဟာရအစား အစာများ ပေးအပ်ခဲ့သည်။

စက်တင်ဘာ ၃၀ ရက် မွန်းလွဲ ပိုင်းကလည်း ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲ မြို့ရှိ ရိုးရာယဉ်ကျေးမှုပြခန်းများ ကို လှည့်လည်ကြည့်ရှုပြီး အထင် ကရ ဘုရားစေတီပုထိုးများအား လှည့်လည်ဖူးမြော်ကြည်ညိုကာ ခရီးစဉ်ဒေသ အသစ်များနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားကာ အလှူငွေ များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အသက် ၁၀၀ နှစ်ပြည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဗိုလ်ကြီးမြစိန်(အငြိမ်းစား) (မော်ကွန်းဝင်ဒုတိယအဆင့်) အား ဧရာဝတီတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပုသိမ်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများက ယနေ့နံနက် ပိုင်းတွင် အသက် ၁၀၀ နှစ်ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

### ဂါရဝပြုပေးအပ်

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၀ နှစ်ပြည့် ဗိုလ်ကြီးမြစိန် (အငြိမ်းစား)(မော်ကွန်းဝင် ဒုတိယအဆင့်)အား ဂါရဝပြုနှုတ်ဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်၊ ဧရာဝတီ တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပုသိမ်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့မှ ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တောင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက် အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့ တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက် အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့ တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှား နိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# အမေရိကန်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို အောက်တိုဘာ ၁ ရက်မှစ၍ ယာယီရပ်ဆိုင်းထား



**ဝါရှင်တန် အောက်တိုဘာ ၂**

အမေရိကန်ကွန်ဂရက်လွှတ်တော်က အစိုးရအတွက် ကာလတိုအသုံးစရိတ်ဥပဒေကြမ်းကို အတည်ပြုရန် ပျက်ကွက်ခဲ့ပြီး ဥပဒေအသစ်ပြဋ္ဌာန်းခြင်းမရှိသည့်အတွက် အမေရိကန်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို အောက်တိုဘာ ၁ ရက် အစောပိုင်းမှစ၍ ယာယီရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

အစိုးရ၏လုပ်ငန်းများ ယာယီဆိုင်းငံ့ထားရှိမှုသည် သမ္မတ ဒေါ်နယ်ထရမ့်၏ ပထမသက်တမ်း ၂၀၁၈ ခုနှစ် နောက်ပိုင်းမှစ၍ ခုနစ်နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

အထက်လွှတ်တော် ရီပတ်ဘလီကန်များက အဆိုပြုသည့် အစိုးရအတွက် ကာလတိုအသုံးစရိတ်ဥပဒေကြမ်းကို အတည်ပြုရန် မဲခွဲဆုံးဖြတ်ရာတွင် ဒီမိုကရက်များက ကန့်ကွက်မဲပေးခဲ့သည့်အတွက် လိုအပ်သော ထောက်ခံမဲပမာဏ မရရှိခဲ့ပေ။

**သဘောထားကွဲလွဲ**

ရီပတ်ဘလီကန်ပါတီနှင့် ဒီမိုကရက်တစ်ပါတီတို့သည် အမေရိကန်-မက္ကဆီကိုနယ်စပ်တစ်လျှောက် တံတိုင်းတစ်ခုတည်ဆောက်ရန်အတွက် ငွေကြေးထောက်ပံ့မှုနှင့်ပတ်သက်၍ သဘောထားကွဲလွဲလျက်ရှိသည်။

ယင်းသို့ အစိုးရ၏လုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကြောင့် အချို့သော ပြည်သူ့ဝန်ဆောင်မှုများကို ထိခိုက်စေမည်ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# နိုင်ငံ၏ စီးပွားရေးကို ပိုမိုကောင်းမွန်စေရန် မြှင့်တင်မည်ဟု ထိုင်းဝန်ကြီးချုပ် ပြောကြား

**ဗန်ကောက် အောက်တိုဘာ ၂**

ထိုင်းနိုင်ငံဝန်ကြီးချုပ် အနူတင်ချာဗီရာကူလ်က နိုင်ငံ၏ စီးပွားရေးကို ပိုမိုကောင်းမွန်စေရန် မြှင့်တင်သွားမည်ဖြစ်ကြောင်း ပါလီမန်၌ ကတိပြုပြောကြားသည်။

၎င်းအစိုးရအဖွဲ့အနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အနူတင်က ပြောကြားသည်။

ထိုင်းစီးပွားရေးကို ပြန်လည်ရှင်သန်လာစေရန်ရည်ရွယ်ပြီး ပြည်သူများ ဝင်ငွေပိုမိုရရှိရန်နှင့် လူနေမှုစရိတ်မြင့်တက်မှုကို လျှော့ချပေးမည့် မူဝါဒများကို အကောင်အထည်ဖော်ရန် ဝန်ကြီးချုပ် အနူတင်က ကတိပြုခဲ့သည်။

နိုင်ငံအတွင်းသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားဧည့်သည်များအား ပစ်မှတ်ထားလိမ်လည်လှည့်ဖြားသည့် လုပ်ရပ်များကို ကာကွယ်တားဆီးခြင်းဖြင့် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ထို့ပြင်ဝန်ကြီးချုပ်အနူတင်က အဓိက ဝန်ကြီးရာထူးနေရာများအတွက် အတွေ့အကြုံရင့် အစိုးရအရာရှိများနှင့် စီးပွားရေးခေါင်းဆောင်များကို ခန့်အပ်ခဲ့ပြီး ၎င်း၏ အစိုးရအဖွဲ့ရွေးချယ်ခန့်အပ်မှုနှင့် မူဝါဒမိန့်ခွန်းများက မတ်လ သို့မဟုတ် ဧပြီလတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ မတိုင်မီ ပြည်သူများ၏ ယုံကြည်မှုကို ရရှိရန် အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များအပေါ် ထင်ဟပ်လျက်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ပြည်ပကျောင်းသားများအား အချိန်ပိုင်းအလုပ် လုပ်ကိုင်ခွင့်ပြုမည်

**ဟနွိုင်း အောက်တိုဘာ ၂**

ဗီယက်နမ်နိုင်ငံ၌ ပညာလာရောက်သင်ကြားသည့် နိုင်ငံတကာ ကျောင်းသားများအား မကြာမီအချိန်ပိုင်းအလုပ် လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ယဉ်ကျေးမှုကို လေ့လာနိုင်စေရန်နှင့် လုပ်ငန်းခွင်အတွေ့အကြုံရရှိရေးအပြင် နေထိုင်မှုစရိတ်ကာမိစေရေးအတွက် သီတင်းတစ်ပတ်တွင် နာရီ ၂၀ ခန့်အထိ အချိန်ပိုင်းအလုပ် လုပ်ကိုင်ခွင့်ပေးမည်ဖြစ်သည်။




ယခုဆောင်ရွက်ချက်သည် နိုင်ငံတကာ ကျောင်းသားများအား အချိန်ပိုင်းအလုပ် လုပ်ကိုင်ခွင့်ပေးသည့် ကမ္ဘာ့နိုင်ငံများ၏ စံနှုန်းကို ကိုက်ညီစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် အမေရိကန်၊ ဗြိတိန်နှင့် နယူးဇီလန်နိုင်ငံတို့တွင် နိုင်ငံတကာကျောင်းသားများအား သီတင်းတစ်ပတ်လျှင်နာရီ ၂၀ အလုပ် လုပ်ကိုင်ခွင့်ပေးထားသည်။ ယခုကဲ့သို့ နိုင်ငံတကာ ကျောင်းသားများအား အလုပ်လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် နိုင်ငံတကာ ကျောင်းသားများအား ဗီယက်နမ်တွင် ပညာသင်ယူရေးအတွက် ဆွဲဆောင်နိုင်မည်ဟု ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယမန်နှစ်အတွင်းက ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတကာကျောင်းသား ၂၂၀၀၀ ပညာသင်ကြားခဲ့သည်။

**ကိုးကား–ဗွီအင်န်အိက်စပရက်**
**ဘာသာပြန်–စိုးသူရ**

# အစ္စရေးတပ်မတော်က နာဇရန်စကြံအား သိမ်းပိုက်

**ဂျေရုဆလင် အောက်တိုဘာ ၂**

အစ္စရေးတပ်မတော်သည် ဂါဇာမြို့တော်အား သိမ်းပိုက်ရန်အတွက် ချဉ်းကပ်လာနေပြီး ဟားမတ်စ်အဖွဲ့ကို ချေမှုန်းရေးအတွက် ဆောင်ရွက်နေကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကက်က ယမန်နေ့တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် နာဇရန် စကြံအား အစ္စရေးတပ်ဖွဲ့များက သိမ်းပိုက်ရရှိခဲ့သည်။ ၎င်းစကြံသည် ဂါဇာဒေသအလယ်ပိုင်းရှိ စစ်ဘက်ဆိုင်ရာ ကြားခံဇုန်တစ်ခုဖြစ်ကာ အဆိုပါစကြံကို သိမ်းပိုက်ရရှိခြင်းဖြင့် ဂါဇာမြို့တော်နှင့် ဂါဇာဒေသမြောက်ပိုင်းတို့ကို ကျန်ရှိသည့် ဂါဇာဒေသတစ်ခုလုံးနှင့် ဆက်သွယ်ရေးဖြတ်တောက်နိုင်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

**ချေမှုန်းနိုင်မည်ဖြစ်**

ဂါဇာဒေသခံများအနေဖြင့် ဂါဇာမြို့တော်မှ အမြန်ဆုံးစွန့်ခွာခြင်းဖြင့် ဂါဇာမြို့တော်တွင် ဟားမတ်စ်အဖွဲ့ဝင်များသာ ကျန်ရှိမည်ဖြစ်ကာ အစ္စရေးတပ်မတော်က ချေမှုန်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဂါဇာမြို့တော်၌ ကျန်ရှိနေသူများမှာ ဟားမတ်စ်ကို အားပေးသူများသာဖြစ်မည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ ယနေ့အစောပိုင်းတွင် အစ္စရေးတပ်မတော်က ဂါဇာမြို့တော်အား မြေပြင်စစ်ဆင်ရေးဆောင်ရွက်ခဲ့ရာ ဟားမတ်စ်အဖွဲ့ဝင် အများအပြားသေဆုံးကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**



# တိုကျိုမြို့တော်၌ ယာဉ်မောင်းအလုံအလောက်မရှိသည့်အတွက် ဘတ်စ်ကားဝန်ဆောင်မှုများ လျှော့ချ

**တိုကျို အောက်တိုဘာ ၂**

ဂျပန်နိုင်ငံ တိုကျိုမြို့တော်၌ ယာဉ်မောင်းအလုံအလောက်မရှိသည့်အတွက် ဘတ်စ်ကားဝန်ဆောင်မှုများကိုအောက်တိုဘာ ၁ ရက်မှစ၍ လျှော့ချပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယာဉ်မောင်းရှားပါးမှုကြောင့် ဘတ်စ်ကားပြေးဆွဲမှုလျှော့ချခြင်းသည် ၂၀၀၂ ခုနှစ်မှစ၍ ပထမဆုံးဖြစ်သည်။ တိုကျိုမြို့တော်အစိုးရ၏ သယ်ယူပို့ဆောင်ရေးဗျူရိုက မြို့တော်ရှိ လမ်းကြောင်း ၁၉ ခုတွင် တစ်ပတ်လျှင် ပြေးဆွဲမှုစုစုပေါင်း ၂၀၆ ခုကို ဖြတ်တောက်သည်။

ဝန်ဆောင်မှုများ လျှော့ချခြင်းသည် နေ့စဉ် ဘတ်စ်ကားအသုံးပြုသည့် ပြည်သူများအပေါ် အမှန်တကယ် အကျိုးသက်ရောက်နိုင်ဖွယ်ရှိကြောင်း ဘတ်စ်ကားမှတ်တိုင်တွင် စောင့်ဆိုင်းနေသည့် ခရီးသည်တစ်ဦးက ပြောကြားသည်။

သယ်ယူပို့ဆောင်ရေးဗျူရိုက ယာဉ်မောင်းများ၏ အချိန်ဇယားကို စီစဉ်ရန် ခက်ခဲကြောင်းနှင့် အချိန်ဇယားများကို ပြောင်းလဲကာ ဝန်ဆောင်မှုများကို လျှော့ချခြင်းသည် ခက်ခဲသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဗျူရိုမှ အင်နိုဆိုင်ချီက ပြောကြားသည်။

ထို့ပြင် အရည်အချင်းပြည့်မီသည့် ယာဉ်မောင်းများကို ထိန်းသိမ်းထားရန်မှာ ခက်ခဲကြောင်း ၎င်းက ဆက်လက်ပြောသည်။ ဘတ်စ်ကားလမ်းကြောင်းများကို ဂရုတစိုက်စီမံခန့်ခွဲခြင်းဖြင့် ခရီးသည်များအပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုးပမ်းလျက်ရှိကြောင်း သယ်ယူပို့ဆောင်ရေးဗျူရိုက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ရွှေဘိုမြို့၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အသိတရားကင်းမဲ့စွာဖြင့် လက်လုပ်ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နေသည့် သာမဏေကိုရင် သုံးပါး ပျံလွန်တော်မူ၍ သာမဏေကိုရင် ရှစ်ပါး ထိခိုက်ဒဏ်ရာများရရှိ



ရွှေဘိုမြို့ ချမ်းမြေ့ကျောင်းတိုက်အတွင်း PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သည့် ရှော့တိုက်ဒုံးကျရောက် ပေါက်ကွဲသည့် နေရာပြပုံ။

**နေပြည်တော် အောက်တိုဘာ ၂**

PDF အမည်ခံအစွန်းရောက် အကြမ်းဖက်သမား များသည် သာသနာတော်အကျိုး သယ်ပိုး လျက်ရှိသော ရဟန်းသံဃာတော်များ၊ အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့အရပ်သားပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်လုပ်ရပ်များအား လူမဆန်စွာ ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ၊ အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်း၍ အသိတရားကင်းမဲ့စွာ ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

**ကျရောက်ပေါက်ကွဲ**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ချီပါ(တောင်)ရွာအနီးမှ PDF အမည်ခံအကြမ်းဖက်သမားများသည် သာသနာတော်အကျိုး သယ်ပိုးလျက်ရှိသော သံဃာတော်များ သီတင်းသုံးနေထိုင်လျက်ရှိသည့် စစ်ရေးနှင့်သက်ဆိုင်ခြင်း မရှိသည့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းသို့ ယုတ်မာရိုင်းစိုင်းစွာဖြင့် လက်လုပ်ရှော့တိုက်ဒုံး ပစ်ခတ်ခဲ့သောကြောင့် အောင်မြေဘုန်းတော်ကြီး ကျောင်းဝင်းရှိ ချမ်းမြေ့ကျောင်းတိုက်အတွင်းသို့ ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါ ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲမှုကြောင့် ဘုန်းတော်ကြီးကျောင်းမှ စာသင်စာချပြုလုပ်နေသည့် သံဃာတော်များဖြစ်သည့် သက်တော် ၁၂ နှစ်နှင့် ၁၃ နှစ်အရွယ် သာမဏေကိုရင်သုံးပါး ပျံလွန်တော်မူခဲ့ပြီး ကိုရင်ရှစ်ပါး ဗုံးစထိမှန် ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပျံလွန်တော်မူ၊ ဒဏ်ရာရရှိခဲ့သည့် ကိုရင်ငယ်များအား ရွှေဘိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ**

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယခုကဲ့သို့စစ်ရေးနှင့်မသက်ဆိုင်သည့် သာသနာနိကအဆောက်အအုံနေရာသို့ အသိတရားကင်းမဲ့စွာဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းအတွက် ဒေသခံပြည်သူများအနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက် ရှိကြောင်းနှင့် အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကိုလည်း တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ရွှေဘိုမြို့ ချမ်းမြေ့ကျောင်းတိုက်သို့ PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သည့် ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲမှုကြောင့် ကိုရင်သုံးပါး ပျံလွန်တော်မူ၍ ကိုရင်ရှစ်ပါး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။



ရွှေဘိုမြို့ ချမ်းမြေ့ကျောင်းတိုက်သို့ PDF အကြမ်းဖက်အဖွဲ့က ပစ်ခတ်သည့် ရှော့တိုက်ဒုံး ကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးမှုကို တွေ့ရစဉ်။

## မင်းဘူးမြို့၌ လုပ်ငန်းခွင်မီးဘေးလုံခြုံရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မင်းဘူး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ လုပ်ငန်းခွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့ ရွှေတပင်ရပ်ကွက်ရှိ ကာရာအိုကေဆိုင်များ၌ ကွင်းဆင်းစစ်ဆေးသည်။



**ဆွေးနွေးမှာကြား**

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်း ဦးဆောင်၍ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာ မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မင်းဘူးမြို့ ရွှေတပင်ရပ်ကွက်ရှိ ကာရာအိုကေဆိုင်များ၌ ဆိုင်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အထူးအလေးထားသိရှိလိုက်နာ ဆောင်ရွက်နိုင်စေရေး လုပ်ဆောင်ရမည့်အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ လုပ်ငန်းခွင်၊ ဆိုင်ခန်းများနှင့် လူနေဆောင်များ၌ မီးသတ်ဆေးဘူးများ အရန်သင့်ချိတ်ဆွဲထားရှိရေး၊ စသည့်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ အကြံပြုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ကြံခင်းမြို့နယ်၌ ပန်းပျိုးမာလာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံ

**ကြံခင်း အောက်တိုဘာ ၂**

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ် ပန်းပျိုးမာလာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ၏ မြေပဲစိုက်ပျိုးနေမှုကို သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာတိုင်းဒေသကြီးဦးစီးမှူးက ကြံခင်းမြို့နယ် ကရင်စုကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ မြေပဲ၊ ပဲပုပ်၊ နွားမွေးမြူရေးလုပ်ငန်းများ အဆင်ပြေစေရန် သမဝါယမဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး Ruma Organic Co.,Ltd. ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးဝင်းဗိုလ်က Ruma Organic သုံးစွဲပုံနည်းပညာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ပန်းပျိုးမာလာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား (တောင်သူ) ဦးသန်းနိုင်၏ မြေပဲလေးဧက စိုက်ပျိုးထားရှိမှု၊ Ruma Organic ဆေးပက်ဖျန်းခြင်းတို့ကို ကွင်းဆင်းကြည့်ရှုကြသည်။



ကြံခင်းမြို့နယ် သမဝါယမအသင်းများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုးစပါး ဧက ၁၂၀၀ စိုက်ပျိုးခဲ့ပြီး ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်းအရ မြေပဲဧက ၂၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ ရောက်ရှိလာရာ ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။



အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ ရောက်ရှိလာစဉ်။

☆ တပ်မတော်မှ ကျောက်မဲဒေသ တစ်ဝိုက်အား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာ ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာခဲ့ရသည့် ဒေသခံတိုင်းရင်းသားပြည်သူအချို့မှာလည်း ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

**လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ကျောက်မဲမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏ မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူလူထုအား လိုအပ်သည့်ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့်ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများသည် လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့်အတူ မော်တော်ယာဉ်များဖြင့် ယနေ့တွင် ကျောက်မဲမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသား ပြည်သူများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်လည်း စစ်၏ဆိုးကျိုးများကိုကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေး စောင့်ရှောက်ခွင့်၊ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည်လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် ကျောက်မဲမြို့အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကျောက်မဲမြို့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် တပ်မတော် စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတမြို့နယ်၌ ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**ဟသ်ာတ အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ တာငါးဆယ်တောင်ရပ်ကွက် ရွှေစေတီလမ်းရှိ ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြည်ပပို့ကုန် သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲပြုလုပ်သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေးနှင့် ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်များအား ကျင့်သုံးဆောင်ရွက်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုရေး၊ မြေဆီလွှာအာဟာရဓာတ်များ ဖြည့်သွင်းပေးရေး၊ သဘာဝမြေဩဇာနှင့် သစ်စိမ်းမြေဩဇာများထည့်သွင်းအသုံးပြုရေး၊ ဓာတ်မြေဩဇာ စနစ်တကျ အချိန်ကိုက် အချိုးကျသုံးစွဲရေးအကြောင်းများကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။


**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အားကောင်းသောမုန်တိုင်းငယ် မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားနိုင်

နေပြည်တော် အောက်တိုဘာ ၂

ယနေ့ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေကို ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း ဩရိဿပြည်နယ်တောင်ပိုင်းကို ဖြတ်ကျော်နိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ




## ရေကြောင်းသတိပေးချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ (A-1/ A-3) တွင် Shwe Phase 4 Development Drilling Campaign လုပ်ငန်းများအား Rig "Bluewhale-1" ဖြင့် ဆောင်ရွက်သွားမည့် ဧရိယာအကျယ်အဝန်းကို ဖော်ပြသည့် Coordinate များဖြစ်သော Point MHD-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၆.၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၅၃.၇၁ စက္ကန့်၊ Point MHD-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၄၈.၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၅၃.၇၁ စက္ကန့်၊ Point MSD-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၅၉.၃၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၈ မိနစ် ၃၃.၈၇ စက္ကန့်နှင့် SHD-Q မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၇ မိနစ် ၄၇.၅၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၂.၅ စက္ကန့် တို့အတွင်းတွင် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ (A-1/ A-3) တွင် Shwe Phase 4 Development Drilling Campaign လုပ်ငန်းများအား Rig "Bluewhale-1" တွင်းတူးစက်ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

## ပြည်တက္ကသိုလ်၌ သုတေသနစကားဝိုင်း ကျင်းပ

ပြည် အောက်တိုဘာ ၂

ပြည်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စက်တင်ဘာ ၃၀ ရက်က သုတေသနစကားဝိုင်းကျင်းပသည်။



ဦးစွာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်က အမှာစကားပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဥပဒေပညာဌာနမှ ပါမောက္ခဒေါက်တာမြမိုးခိုင်၊ မြန်မာစာဌာန ပါမောက္ခဒေါက်တာသန်းသန်းအေးနှင့် ပထဝီဝင်ဌာန တွဲဖက်ပါမောက္ခ ဒေါက်တာခင်စန္ဒာမိုးတို့က ဝိဇ္ဇာဘာသာရပ်များကို ကိုယ်စားပြု၍လည်းကောင်း၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာချိုချိုလတ်၊ ရူပဗေဒဌာန တွဲဖက်ပါမောက္ခ ဒေါက်တာဇော်ထက်အောင်နှင့် သင်္ချာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာလင်းလင်းခိုင်တို့က သိပ္ပံဘာသာရပ်များကို ကိုယ်စားပြု၍လည်းကောင်း သုတေသနစာတမ်းပြုစုခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဦးဆောင်ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများအား ပြည်တက္ကသိုလ်စိတ်ပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမေလွင်ငြိမ်းက ထိုင်းနိုင်ငံ Chulalongkorn University တွင် တက်ရောက်ခဲ့သော သုတေသနဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲမှ အတွေ့အကြုံများကို ပြန်လည်မျှဝေရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ ကိုဆက်(ပြန်/ဆက်)

## စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲနှင့် စာအုပ်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေး ကော်မတီဝင်နှင့် အင်းစိန်မြို့နယ်ရှိ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများ တွေ့ဆုံပွဲနှင့် စာအုပ်ပေးအပ်ပွဲကို ယမန်နေ့က အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ဆွေးနွေး

တွေ့ဆုံပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင် (ခရိုင်တာဝန်ခံ) ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က အင်းစိန်၊ မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး ခရိုင်များရှိ ရပ်ကွက် စာကြည့်တိုက်များ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာမဖတ်သူ ပပျောက်ရေး၊ ကလေးစာဖတ်ခန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရန် ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက ခရိုင်အတွင်းရှိ မြို့နယ်များ၊ ကျေးရွာများတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေး၍ တက်ရောက်လာသော ရပ်ကွက်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီများနှင့် စာကြည့်တိုက်မှူးများအား တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီမှ ပေးအပ်သော စာအုပ်များကို ထပ်ဆင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ဦး



သရက်ခရိုင် သရက်မြို့နယ် ပြည်တော်အေးရပ်ကွက်ရှိ ပဲကြော်ဖိုများအား သရက်မြို့နယ် မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းကျော်ဟိန်နှင့်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ စနစ်တကျထားရှိသုံးစွဲနိုင်ရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ကြစဉ်။ လင်းခန့်

## နတ်မောက်မြို့နယ်၌ ရေဝင်ရောက်ခဲ့သည့် နေအိမ်များအတွင်း သန့်ရှင်းရေးဆောင်ရွက်



နတ်မောက် အောက်တိုဘာ ၂

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ စက်တင်ဘာ ၂၈ ရက် က မိုးသည်းထန်စွာ ရွာသွန်းပြီး နတ်မောက်ယင်းချောင်းမှ ရေကြီးရေလျှံမှုများဖြစ်လာ၍ ချောင်းနံဘေးတွင် နေထိုင်သည့် လူနေအိမ်များအတွင်း ရေဝင်ရောက်နစ်မြုပ်ပြီး တင်ကျန်ခဲ့သည့်နုန်းနှင့်အမှိုက်များအား ယမန်နေ့က နတ်မောက်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။

ထိုသို့ သန့်ရှင်းရေးများဆောင်ရွက်ရာတွင် နတ်မောက်မြို့နယ် မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးငွေးမော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အောင်ဆန်းရပ်ကွက်ရှိ ရေဘေးသင့်နေအိမ်များအတွင်း သန့်ရှင်းရေးများ ဆောင်ရွက်ကြသည်။ နတ်မောက်မြို့ရှိ ရေဘေးသင့်အိမ်ထောင်စု ၆၂စု၊ လူဦးရေ ၁၂၀ တို့အတွက် အာဟာရကုသိုလ်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း နေ့စဉ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှဝင်း



## ပုသိမ်ကြီးမြို့နယ်၌ အခွန်ပညာပေးဆွေးနွေး

ပုသိမ်ကြီး အောက်တိုဘာ ၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ဦးဆောင်မှုဖြင့် အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ပုသိမ်ကြီးမြို့နယ် အခွန်ဦးစီးမှူး ဒေါ်မော်မော်ခိုင်က ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးရမည့်အခွန်ဆိုင်ရာဥပဒေများကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

# တာချီလိတ်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**တာချီလိတ် အောက်တိုဘာ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက်ပိုင်းက ရန်အောင်မြေ ရပ်ကွက် ပါလျှံ(၁)ရှိ အောင်ဇေယျ ရဲခန်းမ၌ ကျင်းပသည်။

ဦးစွာ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံ တို့က အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုးက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ




ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားသည်။

ထို့နောက် တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုးနှင့် တာဝန်ရှိသူများက တာချီလိတ်မြို့နယ်အတွင်း မှုခင်းများကို စွမ်းစွမ်းတမံ ဖော်ထုတ်ခဲ့သည့် တပ်ဖွဲ့ဝင်များ၊ ရုံးလုပ်ငန်း တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင် ၃၂ ဦးအား ခရိုင်ရဲတပ်ဖွဲ့မှူး၏ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌဒေါ်အေးအေးခိုင်နှင့် တာဝန်ရှိသူများက နေအိမ်လိုင်းခန်းများ အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး ဆုရရှိသည့် တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



# မီတာဖတ်ရှုနေမှုများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မြောက်ဥက္ကလာပ မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်ရှိ လျှပ်စစ်မန်နေဂျာရုံးများသို့ သွားရောက်၍ စက်တင်ဘာလအတွက် မီတာဖတ်ရှုနေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြို့နယ်ရုံးများသို့ ရောက်ရှိပြီး ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ၊ ဓာတ်အားခကြွေးကျန်အခြေအနေများနှင့် မီတာဖတ်ရှုနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

# ကန့်ဘလူမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်း

**ကန့်ဘလူ အောက်တိုဘာ ၂**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဆင်းပွဲကို စက်တင်ဘာ၂၉ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးက ဒေသတွင်းလူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ကိုယ်ပိုင်လုပ်ငန်းများထူထောင်ပြီး မိသားစုဝင်ငွေရရှိအောင် သင်တန်းမှ သင်ကြားပေးသည်များကို ပြန်လည်အသုံးချစေလိုကြောင်း ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ၊ ထောက်ပံ့ပစ္စည်းများနှင့် သင်တန်းတွင် ထူးချွန်ဆုရအဖွဲ့တို့အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မင်းတုန်းမြို့နယ်မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်း ၂၂ မျိုး၊ ဖိုက်ဘာစက်လှေ တစ်စင်းဖြင့် အသင့်စုဖွဲ့ထားရှိမှုကို အောက်တိုဘာ ၁ ရက်က တွေ့ရစဉ်။

ချင်းကလေး(NRDC)

# ကျိုက်လတ်မြို့နယ်၌ ဘိုးဘွားများအား (UID) ကတ်များ ပြုလုပ်ပေး

**ကျိုက်လတ် အောက်တိုဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် ဓမ္မဝိဟာရဘိုးဘွားရိပ်သာရှိဘိုးဘွားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ယမန်နေ့မွန်းလွဲပိုင်းတွင် (UID) Unique Identity ကတ်များ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျိုက်လတ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်းမာန်နှင့် ဝန်ထမ်းများက Biometric(UID)စနစ်ဖြင့် Smart Card မပြုလုပ်ရသေးသော ဘိုးဘွား၂၅ ဦးအား UID နံပါတ်များကို ထုတ်ပေးခြင်းဖြစ်ကြောင်းသိရသည်။ ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးလျက်ရှိသည့် ဘိုးဘွားများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**



# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂**

"ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ်စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၂) ရွှေပြည်သာမူလတန်းကြိုကျောင်းနှင့် ရွှေပေါက်ကံ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက် လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း အောက်တိုဘာ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီခွဲတွင်လည်းကောင်း၊ MRTV – HD Channel တွင် အောက်တိုဘာ ၆ ရက်(တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် လည်းကောင်း ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

အောက်တိုဘာ ၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၇)၊ အမှတ်(၄၀)တွင် သီတင်းကျွတ်ပွဲတော်တွင် သူငယ်ချင်းများနှင့် ပြောက်ဖောက်ကစားကာ အခြားသူများကို လန့်အောင်ပြုလုပ်ခဲ့ရာမှ မိမိတွင်လည်း အန္တရာယ်နှင့်ရင်ဆိုင်ခဲ့ရပုံကို သရုပ်ဖော်ထားသည့် "ကုသိုလ်လည်းရ ဝမ်းလည်းဝ" မျက်နှာဖုံးကာတွန်း၊ ကလေးများ အရပ်ရှည်စေရန် နေထိုင်စားသောက်ရမည့် နည်းလမ်းများကို ဗဟုသုတရဖွယ် ရေးသားထားသည့် "သားသားမီးမီးတို့ အရပ်ရှည်စေဖို့" သုတဆောင်းပါးကဏ္ဍ၊ သီတင်းကျွတ်လပြည့်နေ့တွင် လူကြီးသူမများအား ကန်တော့ကြပုံနှင့် မုန့်ဖိုးများ ပြန်လည်ရရှိကြပုံကို ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "ဂန္ဓဝင် ခင်ခင်ပြုံးနှင့် အပေါင်းအသင်းများ" နှစ်မျက်နှာကာတွန်း၊ ကလေးများ ကစားရာ၌ မိမိအတွက် အန္တရာယ်ဖြစ်စေမည့် နည်းလမ်းများကို ရှောင်ရှားနိုင်စေရန် ရေးသားထားသည့် "အသိနှင့်ယှဉ် ကစားစေချင်"ဝတ္ထုကဏ္ဍ၊ ကျောင်းသားများ အနေဖြင့် စာကိုသာ အချိန်ယူကြိုးစားသင့်ကြောင်း သရုပ်ဖော်ထားသည့် "ညီနောင်နှင့် နှင်းနှင်း"တစ်မျက်နှာ ကာတွန်း၊ ဆင်ခြင်ဉာဏ်ကင်းမဲ့ကာ သူတစ်ပါး၏ ပြောစကားကို ယုံမှားမိ၍ အသက်အန္တရာယ် နှင့် ကြုံတွေ့ခဲ့ရသော မျောက်ဆိုးလေးအကြောင်းကို ရေးသားထားသည့် "ဆင်ခြင်ဉာဏ် ကင်းမဲ့လျှင်" ပုံပြင်ကဏ္ဍ၊ ဦးဒက်၏အိမ်ကို လုံခြုံစေရန် သူ၏နည်းပညာဖြင့် လုပ်ဆောင်ပေးခဲ့သော ဉာဏ်ထက်မြက်သည့် ရွှေပဲအကြောင်းကို သရုပ်ဖော်ထားသည့် "ရွှေပဲ"နှစ်မျက်နှာကာတွန်း၊ ကွမ်းစားခြင်းဖြင့် ဖြစ်လာနိုင်သည့် ရောဂါများ အကြောင်းကို သရုပ်ဖော်ထားသည့် "ဂျာရစ်"နှစ်မျက်နှာကာတွန်း၊ ရေခဲသေတ္တာ ဝယ်ယူရာ၌ ရောင်းသူနှင့် ဝယ်သူတို့ အပြန်အလှန်ပြောဆိုပုံကို ပုံစံအမျိုးမျိုးဖြင့် ရေးသားထားသည့် "ရွှေသွေးစကားဝိုင်း"အင်္ဂလိပ်စာကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ မြေကွက်အမှတ် (၈၂၈)ဟု ခေါ်တွင်သော ဦးမျိုးညွန့် (TGN – 079743)အမည်ပေါက် ပါမစ်မြေ၏ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် (အလျား ၂၀ ပေ x အနံ ၆၀ ပေ)မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ကေသီဦး [၁၂/ရကန(နိုင်)၀၆၄၄၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူလွင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၀၂၃)**
**လိပ်စာ – အမှတ်(၁၂၇၁)၊ ရွှေဟင်္သာ(၃)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၀၁၃၂၉၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ရွှေရည်လမ်း၊ အကွက်အမှတ် (၁၁)၊ မြို့မတောင်ကွက်၊ မြေကွက်အမှတ် (၃၂)၊ ဧရိယာ(၀. ၀၅၅)ဧကအကျယ်ရှိ ဂရန်အမှတ်တွဲအမှတ် – RPNO – 148 V/2005–2006 အရ ဦးတင်ဖေ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ် စာချုပ်အမှတ် (၂၂၄/၂၀၂၄)ဖြင့် ဦးဘဲလူးမွတ်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဘဲလူးမွတ်ထံမှ ဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဟေမာဦး (ဘ) ဦးအောင်လှ [၁၂/ပဘတ(နိုင်)၀၂၇၄၄၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သန်းစိုးလွင် (ဘ) ဦးစိုးမင်း [၁၀/မလမ(နိုင်)၁၅၁၆၀၆] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် – ၈၉၄၉/၂၀၁၃)** | **(စဉ် – ၉၇၃၄/၂၀၁၄)** |
| **၀၉ – ၄၂၁၀၅၃၁၁၀** | **၀၉ – ၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ဒေါ်ယုခိုင်[၆/လလန(နိုင်)၀၉၅၆၅၈]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၅၄)မှန်ခန်း(A) နေ ဦးကျော်ရွှေ [၆/မအရ(နိုင်)၀၉၉၂၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ဦးကျော်ရွှေနှင့် ဒေါ်ယုခိုင်တို့သည် လွန်ခဲ့သော (၁၉၈၆)ခုနှစ်မှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား(၂)ဦး ထွန်းကားခဲ့ပါသည်။ ဒေါ်ယုခိုင်သည် ခင်ပွန်းဖြစ်သူ ဦးကျော်ရွှေ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ခင်ပွန်းစိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ကာ(၂၀၂၅)ခုနှစ် (၅)လပိုင်းတွင် ခင်ပွန်း၏ ခွင့်ပြုချက်မရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားခဲ့ရာ ဦးကျော်ရွှေနှင့် ဒေါ်ယုခိုင်တို့၏ အမည်ဖြင့် ဝယ်ယူထားသော လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်ရှိ တိုက်ခန်း(၂)ခန်း၏ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ၊ ဘဏ်စာအုပ်နှင့် ရွှေထည်လက်ဝတ်ရတနာများကိုပါ ယူဆောင်သွားခဲ့ပြီး မိသားစုအား အဆက်အသွယ်ပြုလုပ်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ဦးကျော်ရွှေ သိရှိခြင်းမရှိဘဲ အထက်ဖော်ပြပါ တိုက်ခန်း (၂)ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ဖော်ပြပါ ကိစ္စရပ်များအား ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်းနှင့် ပြုလုပ်ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးကျော်ရွှေ** | **ဒေါ်မြမြဝင်း(LL.B,DIL)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၄)** |
| | **အမှတ်(၉၆)၊ မာလာမြိုင်(၄)လမ်း၊** |
| | **(၁၆) ရပ်ကွက်၊ လှိုင်မြို့နယ်။** |
| | **၀၉–၄၂၀၀၂၅၆၈၀၊၀၉–၉၇၇၄၂၀၆၈၀** |

## ကြွေးကျန်များ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ် (၃၀–ဘီ)နေ ဦးစိုးဝင်း၊ ဒေါ်မိုးမိုး(ထိုက်စင်ကုမ္ပဏီလီမိတက်)နှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

၁။ လူကြီးမင်းများသည် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (ဒဂုံဘဏ်ခွဲ) ၌ ( ၁–၁၀–၂၀၂၁ ) ရက်နေ့တွင် မြေနှင့် အဆောက်အဦ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများကို ပေးအပ်ပေါင်နှံ၍ Construction Term Loan ချေးငွေကို ချေးယူခဲ့ရာ (၃၁–၈–၂၀၂၃)ရက်နေ့တွင် ချေးငွေသက်တမ်းကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။

၂။ ချေးငွေသက်တမ်းကာလအတွင်း လူကြီးမင်းများက (၂၈–၃–၂၀၂၅) ရက်နေ့အထိ ချေးငွေတစ်စိတ်တစ်ပိုင်းကို ပေးဆပ်ခဲ့သော်လည်း (၂၉–၃–၂၀၂၅)ရက်နေ့မှစ၍ ဆက်လက်ပေးဆပ်ရန် ပျက်ကွက်နေပါသဖြင့် ဘဏ်မှတွေ့ဆုံညှိနှိုင်းရန် ကြိုးစားခြင်း၊ ဖုန်း/Viber ဖြင့် ဆက်သွယ်ခြင်း၊ အကြောင်းကြားစာများ၊ မန်နေဂျာနို့တစ်စာများနှင့် ရှေ့နေနို့တစ်စာတို့ကို ပေးပို့ခြင်းတို့ဖြင့် အကြိမ်ကြိမ်ဆက်သွယ်တောင်းခံခဲ့သော်လည်း လူကြီးမင်းများမှ ယနေ့အထိ လာရောက်ပေးဆပ်ခြင်းမရှိပါ။

၃။ လူကြီးမင်းများ၏ ချေးငွေပေးဆပ်မှု ပျက်ကွက်ခဲ့ခြင်းအပေါ် ဘဏ်မှ စောင့်ဆိုင်းပေးခဲ့သော်လည်း ချေးငွေသက်တမ်းကုန်ဆုံးကျော်လွန်ခဲ့သည့်တိုင် ဆက်လက်ပျက်ကွက်လျက်ရှိပါသောကြောင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဘဏ်သို့ပေးဆပ်ရန်ရှိသည့် ချေးငွေကြွေးကျန်များကို မပျက်မကွက် အမြန်ဆုံးလာရောက်ပေးဆပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးစိုးဝင်း၊ ဒေါ်မိုးမိုးနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(ဒဂုံဘဏ်ခွဲ)၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နွယ်ဝင်း (LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၄၄၁၃)**
**အမှတ်(၉၂)၊ ခတ္တာလမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**09–402512901, 09–964525074**

## "ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ အမှတ်(၃)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ် (၂)လွှာ၊ (ဝဲဘက်ခြမ်း)ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာရေမီးအစုံ ပါဝင်သည့်တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

အထက်ဖော်ပြပါတိုက်ခန်းအား **"တော်ဝင်မြန်မာဆောက်လုပ်ရေး"** မှ **ကန်ထရိုက်တာဦးမြင့်အောင် [၁၂/အစန(နိုင်)၀၇၉၅၁၀]**မှ ကန်ထရိုက်တာရပိုင်ခွင့်ရှိသောအခန်းဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကာ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်းဝယ်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံဆက်သွယ်၍ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အက်စတာမြတ်ထွေး**
**LL.B.D.B.L,D.B.S.P,C.B.L,F.B.S, WIPO.G.C.I.P(Geneva),A.P.S**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၆၇၁)**
**အမှတ်(၅၀)၊ ပထပ်(ညာ)၊ လင်းလွန်းလမ်း၊ လင်းလွန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၈၂၁၈၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## တွံတေးခရိုင်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၀

| | | |
|---|---|---|
| ၁။ ဦးစောအေးမင်းဖြိုး<br>၂။ ဦးသက်ထွန်းစံ | { နှင့် } | ဦးထွန်းတင် |
| **တရားလို** | | **တရားပြိုင်** |

**အမှတ်(၃၀၇)၊ (မှန်ခန်း)၊ စံပြ(၂)လမ်း၊ စံပြရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ) ဦးထွန်းတင် သိစေရမည်။**

သင့်အပေါ်၌ တရားလိုက အိမ်ခြံမြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်။ (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၄ ရက်) နေ့မွန်းမတည့်မီ နံနက်(၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ( ၁ ) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး**
**တွံတေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သောင်ကြီးမြောက်/၁၀)၊ လူနေရပ်ကွက်အမှတ် (၁၂)၊ ပေါ်ဆန်းမွှေး(၁)လမ်း၊ အမှတ် (၆၈၁/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေရှိ ဦးသန်းထွန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** ယခုရောင်းချသူ ဒေါ်ယဉ်မာဦး[၁၂/ဥကမ(နိုင်)၁၄၈၅၄၆]မှ အရောင်းအဝယ် အဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်စန်းစန်းခိုင်[၁၀/ဘလန (နိုင်) ၀၄၈၆၄၈]နှင့် ဦးဇော်ဇော်အောင် [၁၄/ရကန (နိုင်)၀၈၃၆၀၄]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သော်သော်စန္ဒီဦး (LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၉၁၄)**
**အမှတ် (၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၀၉၃၇၇၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၊ မြေကွက်အမှတ်–၇၇၁၊ မြေကွက်တည်နေရာအမှတ်–၇၇၁၊ ဇော်ဂျီလမ်း၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (ဦးစိုးမြင့်)(WAW–၀၄၆၆၈၅) [၁၂/လမန(နိုင်)၀၂၄၄၈၂]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား မြေအမည်ပေါက် ဦးစိုးမြင့်အား (တရားပြိုင်)ထားကာ ဒေါ်သဥ္ဇာမြင့်မြတ်[၁၂/ကမတ(နိုင်)၀၆၆၆၉၁]မှ (တရားလို)ပြုလုပ်၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံးတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (တရားရှုံး)ကိုယ်စား ဘီလစ်ဒေါ်မြင့်မြင့်ကြည် [၁၂/ဒပန(နိုင်)၀၂၈၃၄၂]မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်–၅၁/၂၀၂၄ (၂၇–၁–၂၀၂၅)၊ တရားမဇာရီမှုအမှတ်–(၆/၂၀၂၅)(၂၇–၂–၂၀၂၅)၊ (တရားရှုံး)ကိုယ်စား အနိုင်ဒီကရီချမှတ်သည့် စီရင်ချက်နှင့်အမိန့်၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ၂ ထပ် အုတ်ခံပျဉ်ထောင်အဆောက်အဦ ၁ လုံးရှိပြီး အိမ်ငှားဖြစ်သူ ဒေါ်ခင်မာလွင် နေထိုင်ပါသည်။ တရားနိုင်မှ ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်းနှင့် အိမ်ငှားထားရှိခြင်းအတွက် တာဝန်ယူကြောင်း လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဘီလစ် ဒေါ်မြင့်မြင့်ကြည်မှ အရောင်းမြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် အသုံးပြုရန် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ (မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါ စက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအား ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | အမျိုးအမည် | အမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ | ၅ မျိုး | ၆၈ ခု |
| (ခ) | လေအေးစက်နှင့်ဆပ်စပ်ပစ္စည်းများ | ၁ မျိုး | ၂ ခု |
| (ဂ) | ဘဏ်လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ | ၁ မျိုး | ၅ ခု |
| (ဃ) | ရုံးသုံးစက်ကိရိယာများ | ၃ မျိုး | ၂၁၃ ခု |

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံ ရောင်းချမည့်နေ့ရက် | – ၈–၁၀–၂၀၂၅ မှ ၁၅–၁၀–၂၀၂၅ ရက်နေ့အထိ **(ရုံးချိန်အတွင်း)** |
| ၃။ | တင်ဒါတင်သွင်းရမည့် နောက်ဆုံး နေ့ရက်/အချိန် | – ၂၀–၁၀–၂၀၂၅ **(၁၆:၀၀)နာရီ** |
| ၄။ | တင်ဒါပုံစံ ရောင်းချမည့် နေရာနှင့် တင်သွင်းရမည့်နေရာ | – မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အမှတ်၊ ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ |
| ၅။ | တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန် | – ဆက်သွယ်အကြောင်းကြားပါမည်။ |
| ၆။ | အသေးစိတ်အချက်အလက်များ | – ဖုန်းနံပါတ် ၀၁–၈၃၈၁၅၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ |

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဇေယျမင်္ဂလာ(၂)လမ်း၊အမှတ်(၆၅)နေ ဦးသိန်းထိုက်(၉/ညဥန(နိုင်)၁၆၁၃၉၀)၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါ အတိုင်းကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဘိုကလေး (ရ) လမ်း၊ မြေကွက်အမှတ်(၄၆/၂၀၂၇–က)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ဦးခင်ထွန်းအမည်ပေါက်ပါမစ်မြေကွက်မှ တရားဝင်ခွဲခြမ်းစိတ်ဖြာခြင်းမပြုရသေးသည့် အိမ်ခြံမြေကွက်ကိုမျက်နှာမူပါက(ဘယ်)ဘက် ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (၂၀ပေX၆၀ပေ)ရှိမြေကွက်နှင့် ယင်းအိမ်ခြံမြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ထားပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ မအေးနှင်းသိန်း(၁/ဗမန(နိုင်)၁၀၃၁၆၅)မှ ယင်းအိမ်ခြံမြေကွက်နှင့်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချလိုကြောင်း ကမ်းလှမ်းရာ အဆိုပြုတန်ဖိုးဖြင့်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ သဘောတူလက်ခံပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသစရံငွေကိုပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အိမ်ခြံမြေကွက် အရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (ရ)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အိမ်ခြံမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးစိုးပြည့်လင်း**
**LL.B,D.I.L,WIPO(switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၂၅၆)**

အမှတ်(၁၆၄)၊ဗိုလ်ဆွန်ပက်လမ်း(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၄၀၆၄၈၇ ၊ ၀၉ ၇၈၅၄၀၆၄၈၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ (ဘ) ဦးနိုင်ကျော်ကျော်တိုး [၁၂/ကမရ(နိုင်)၀၀၃၇၄၀]၏ သား မောင်အထင်ကရမောင်နှင့် မောင်အောင်ဘုန်းခန့်မှာ အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈)၊ ဦးပိုင်အမှတ်(၁၆၅)၊ ရန်–မန်းကားလမ်း အနောက်ဘက်၊ ဗိုလ်ကျောင်းဘုန်းကြီးကျောင်းမြောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန္တာဦး [၉/မခန(နိုင်)၁၄၈၉၈၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်ချုပ် ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထား လာ ပါ သည် ။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဖခင်ဦးဖိုးဆယ်(ကွယ်လွန်)နှင့် မိခင်ဒေါ်ဝင်းမြင့် [၁၂/ဗတထ(နိုင်)၀၁၇၆၇၂] တို့၏သမီးဖြစ်သူ မသီတာဖြူ (ခ) ဂျစ်တူး [၁၂/ရပသ(နိုင်)၀၅၂၅၈၉]သည် မိဘဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများခွင့်မလွှတ်နိုင်သော ကိစ္စရပ်ကိုပြုမူလုပ်ဆောင်ကာ မိမိသဘောဆန္ဒဖြင့် နေအိမ်မှ ထွက်ခွာသွားသည့်အတွက် မိဘများမှ ကိုယ်စိတ်နှစ်ပါး ဆင်းရဲသောက ရောက်ရသည်ဖြစ်၍ ယနေ့မှစကာ မသီတာဖြူ(ခ) ဂျစ်တူးအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မသီတာဖြူ (ခ) ဂျစ်တူးနှင့်ပတ်သက်သည့် မည်သည့် ကိစ္စရပ်ကိုမဆို သက်ရှိထင်ရှားရှိသူ မိခင် ဒေါ်ဝင်းမြင့်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မသီတာဖြူ (ခ)ဂျစ်တူးနှင့် အများသိစေရန် ကြေညာ အပ်ပါသည်။

**မိခင်ဒေါ်ဝင်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သိမ့်သိမ့်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၇၁၈၆) (၂၇–၁–၂၀၂၁)**
**အမှတ်(၂၉၄/က)၊ ဦးအောင်ဇေယျလမ်း၊ အောင်တော်မူပန်းခြံ(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း–၀၉–၄၅၅၇၂၅၃၀၉၊ ၀၉–၇၇၃၄၉၉၄၅၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ အင်းဝအိမ်ရာ၊ စုပေါင်းပိုင်အဆောက်အအုံအမှတ်(၂)၊ (၄)ခန်းတွဲ၊ (၃)ထပ်ခွဲတိုက်၊ ပထမထပ်၊ အခန်း(၁၀၄)၊ အကျယ်(၁၀၀၀) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ဆက်နွယ်နေသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ပိုင်ဆိုင်နေထိုင်ခွင့်ရှိသူအဖြစ် အမည်ပေါက်သည့် ဦးဆန်းအောင်[၇/ပတန(နိုင်)၀၄၉၀၁၂] ထံမှ အရောင်းအဝယ် ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည်ဟု ဝန်ခံကတိပြုသည့် ဦးဗညားကျော် [၇/ကကန(နိုင်)၀၄၂၂၀၄]က ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝဏ္ဏဟန်[၁၄/နေဖ(နိုင်) ၁၁၀၄၃၁]က အပြီးအပိုင်ဝယ်ယူရန် သဘောတူ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ မည်သူမဆို အထက်ပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏဟန် [၁၄/နေဖ(နိုင်) ၁၁၀၄၃၁] ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းအိဇာ LL. B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၂၂၇)**
**အခန်း(၄၀၄)၊ တိုက်(၂၃)၊ အင်းဝအိမ်ရာ၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉– ၈၉၃၅၁၄၅၆၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြရတနာလမ်း(၂)လမ်း၊ (၅)ရပ်ကွက် မြေတိုင်းရပ်ကွက်-၅၊ မြေကွက်အမှတ်-၄၄၉ ၁/၂ ၊ အမှတ်(ခ-၄၄၉) အကျယ်အဝန်း(အလျား၂၀ပေ x အနံ ၆၀ပေ)ရှိ မြေမှာ ဦးဌေးအောင်နှင့် ဒေါ်ယဉ်ယဉ်မြင့် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ဖြစ်ပြီး၊ ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော အင်္ဂတေခင်း၊ အင်္ဂတေကာ၊ အုတ်ညှပ် (၂ထပ်) နေအိမ်မှာ ဦးဌေးအောင် နှင့် ဒေါ်ယဉ်ယဉ်မြင့်တို့ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိသော နေအိမ်မြေကွက်ဖြစ်ပါသည်။ အဆိုပါ နေအိမ်မြေကွက်အား ရောင်းချသူများဖြစ်သူ ဦးဌေးအောင် [၁၂/ဥကမ(နိုင်)၀၄၀၂၂၄] နှင့် ဒေါ်ယဉ်ယဉ်မြင့်[၁၂/ဥကမ(နိုင်)၀၄၀၂၂၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဒေါ်ဥမ္မာအောင် [၁၂/အစန (နိုင်)၀၃၇၄၇၁] နှင့် ဒေါ်ရူပါအောင်[၁၂/အစန(နိုင်)၀၃၇၄၈၄]တို့မှ ဝယ်ယူရန် (၁-၁၀-၂၀၂၅)ရက်နေ့က စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဝယ်ယူသော နေအိမ် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၆-၁၀-၂၀၂၅) ရက်နေ့အထိ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မို့မို့ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၈၈၂)**
**အခန်း(၃)၊ မရမ်းကုန်းမြို့နယ်တရားရုံးရှေ့၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၈၁၈၄၉၊ ၀၉-၇၉၅၅၀၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)၊ မြေကွက်အမှတ်(၂၁)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေချပါမစ် မြေကွက်ဖြစ်သည့် အမှတ်(၂၁)၊ ပေ(၁၀၀)လမ်း၊ (၁၅၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ-ဦးမြမောင် ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် မိမိသာလျှင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးဇော်မင်း [၁၃/လရန(နိုင်)၁၂၈၁၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းငြိမ်းစိုး [၁၂/ဒဂရ (နိုင်)၀၁၅၃၅၆]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်( ၂၇-၉-၂၀၂၅)ရက်နေ့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ( ၇ )ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းငြိမ်းစိုး ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင် (စဥ်-၁၉၃၁၉)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း - ၀၉-၄၂၃၆၅၄၀၄၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (၄၃၀/က)၊ အောင်သစ္စာလမ်း၊ ကြီးပွားရေး/တောင်-ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေး/တောင် )၊ မြေကွက်အမှတ် (၄၃၀/က)၊ ဧရိယာ (၁၂၀၀) စတုရန်းပေ အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေသည် ဦးဝေယံဦး [၁၂/ဥကမ (နိုင်) ၁၉၇၂၃၃] အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်၊ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ( ၁၄ ) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ (စဥ်-၇၁၂၄)　　ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဥ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ )
## မရမ်းကုန်းခရိုင်တရားရုံးတော်

၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၉၈

ကွယ်လွန်သူ ဒေါ်မေစန်းပွင့်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်းဒေသကြီး၊ `မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(အေ-၃/အေ-၅)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်မေစန်းပွင့်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးညီညီအောင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ( ၁၇ )ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မေစန်းပွင့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် ( ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၁ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ၊ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးညီညီအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီညီထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဝင်း [ဥက္ကဋ္ဌ - မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)အဝေရာတိုင်းရင်းဆေး]၏ သမီး မအိဝေဖြိုး [B.Sc, M.Sc, M.Res (Microbiology)] အသက် (၃၆)နှစ်သည် ၁-၁၀-၂၀၂၅ ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းရပါသည်။

**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)**

## ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဝင်း [ဥက္ကဋ္ဌ - မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) အဝေရာတိုင်းရင်းဆေး]၏ သမီး မအိဝေဖြိုး [B.Sc, M.Sc, M.Res (Microbiology)] အသက် (၃၆)နှစ်သည် ၁-၁၀-၂၀၂၅ ရက်တွင် ကွယ်လွန်ကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းရပါသည်။

**ဦးမောင်မောင်ဦးနှင့် မိသားစု**
**ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

## ဝမ်းနည်းကြေကွဲခြင်း

ချစ်မိတ်ဆွေကြီး ဆရာ ဦးသိန်းဝင်း[ဥက္ကဋ္ဌ-မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)အဝေရာတိုင်းရင်းဆေး]၏ သမီး မအိဝေဖြိုး [B.Sc, M.Sc, M.Res (Microbiology)] အသက် (၃၆)နှစ်သည် ၁-၁၀-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ အထူးဝမ်းနည်းရပါသည်။

**ဦးခင်မောင်ဝင်း (ရွှေမန်းတောင်တိုင်းရင်းဆေးမိသားစု)**
**ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဗိုလ်ကြာညွန့်လမ်း၊ အမှတ်(၆၁/၁၇၂)၊ (၂)ခန်းတွဲ(၆)ထပ်တိုက်၏ မြေညီထပ်၊ ခြေရင်းခန်း (ဘယ်) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုလက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးအေးကျော်ကျော် [၇/ကပက(နိုင်)၀၉၃၅၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းသူ[၁၂/အလန(နိုင်)၀၃၄၅၇၅]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဉာဏ်မင်းထက်(LL.B,DIPL)　　ဒေါ်ယုဇန်ကို(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၅၂၃၁၂)　　အထက်တန်းရှေ့နေ(စဥ်-၅၂၇၄၆)**
**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇၆

ကမ္ဘောဇဘဏ်လီမိတက်　　နှင့်　　ဒေါ်ယဉ်မင်းဦး
(၎င်း၏ကိုယ်စား တာဝန်
ပေးအပ်ခြင်းခံရသူကြီးကြပ်ရေးမှူး
ဦးရန်နိုင်လင်း)

**တရားလို　　　　တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက်၊ သရက်တော (၆)လမ်း၊ အမှတ်(၆၅)၊ (ဆဋ္ဌမထပ်)(၇လွှာ) ရပ်နေ တရားပြိုင် ဒေါ်ယဉ်မင်းဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက "အိမ်ရာချေးငွေ (Home Loan) စနစ်ဖြင့် လျှောက်ထားရယူထားသည့် ဘဏ်ကြွေးငွေနှင့် အတိုးငွေများရလိုမှု" ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက် (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်) နေ့ မွန်းမတည့်မီ (၁၀း၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာလ ( ၂၅ ) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( တင်တင်ဌေး )**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## မအိဝေဖြိုး
**B.Sc, M.Sc, M.Res (Microbiology)**
**အသက် (၃၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ်(၁၀)နေ ဦးသိန်းဝင်း [ဥက္ကဋ္ဌ-မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)၊ တိုင်းရင်းဆေးကောင်စီဝင်၊ တိုင်းဒေသကြီးဦးစီးဌာနမှူး(ငြိမ်း)]-ဒေါ်စန်းစန်းနု (အဝေရာဆေးတိုက်ပိုင်ရှင်)တို့၏ သမီးထွေး၊ ဦးသိန်းတန်-ဒေါ်စုဝေဖြိုး၊ ဒေါက်တာသက်ဝေဖြိုး၊ ဒေါက်တာနှင်းဝေဖြိုးတို့၏ ညီမငယ်၊ မောင်ဇေဘုန်းနိုင်၏ အန်တီလေး၊ ''အမရာအိ''အဝတ်အထည်နှင့် စတိုးဆိုင်ပိုင်ရှင် မအိဝေဖြိုး [B.Sc, M.Sc, M.Res (Microbiology)] အသက် (၃၆)နှစ် သည် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်)၊ ၁-၁၀-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်)၊ ၃-၁၀-၂၀၂၅ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်း မီးသဂြိုဟ်စက်သို့ ပို့ဆောင်မည်ဖြစ်ပါသဖြင့် အသုဘရှုတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)၊ ၇-၁၀-၂၀၂၅ (အင်္ဂါနေ့) နံနက် ၆ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ်(၃၇/သ ၁/B + ၃၇/သ ၂)၊ ဧရိယာ (၀.၁၄၉)ဧကအကျယ်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၇၊သ/၂)၊ မြစပယ်လမ်း(စည်ပင်သာယာလမ်းသွယ်)၊ ပါရမီရိပ်သာ၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်တို့ကို အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဆိုသူ ဒေါ်ခိုင်ခိုင်ဝင်း [၁၂/ဗဟန(နိုင်)၀၄၇၄၅၁]က ရောင်းချရန် ကမ်းလှမ်းမှုအရ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်သောကြောင့် အဆိုပါမြေကွက်၊ အဆောက်အအုံနှင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍(၁၄) ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးသက်ကိုကို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၇၆၄/၃၀-၇-၂၀၁၉)**
**အမှတ်(၁၀၇)၊ မြရတနာ(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၈၇၉၄၄၉၂၇၊ ၀၉-၉၄၅၆၀၈၀၀၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၇)၊ (၁၄/ဇတ်ဆိပ်)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် သမိန်ဗရမ်းလမ်းထောင့်၊ အမှတ်-၄၃ ၊ မြေတိုင်းရပ်ကွက်အမှတ်- (ဇုန်-၇)၊ မြေကွက်အမှတ် (၄၃)၊ ဧရိယာ (၀. ၃၇၆) ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြင့် [၁၂/အစန(နိုင်)၁၇၀၇၆၆]မှ တရားဝင် အမည်ပေါက် ပိုင်ဆိုင်သောပစ္စည်းဖြစ်ပြီး၊ အဆိုပါ မြေနှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိ၏တစ်ဦးတည်းသော သားအရင်းဖြစ်သူ ဦးဇော်လင်းထွန်းနိုင် [၁၂/ဒဂတ(နိုင်)၀၉၆၆၈၀]ထံသို့ အဖိုးစားနားတစ်ပြားတစ်ချပ်မျှ ရယူခြင်းမရှိဘဲ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မျိုးအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၇၉၈၂)**
**အမှတ် (၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၉၂၈၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ညောင်ရမ်းလမ်း၊ မြေကွက်အမှတ်(၁၄/၇/၅၉၈) အလျားပေ(၄၀)xအနံပေ(၆၀)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမျိုးတင့် [၁၂/ ဗဟန (နိုင်)၀၁၉၆၃၅] အမည်ပေါက် နှစ်(၆၀)ပါမစ်မြေကွက်ဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်နှင့်မြေကို ဦးမျိုးတင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သိန်းတို့ ကွယ်လွန်သွားခဲ့ပြီးနောက် သားသမီးဖြစ်ကြသော (၁) ဒေါ်မျိုးသန္တာသိမ့် [၁၂/ဗဟန(နိုင်)၀၁၆၀၅၂]၊ (၂) ဒေါ်မျိုးနန္ဒာအောင် [၁၂/ဗဟန(နိုင်)၀၁၆၂၃၃]၊ (၃) ဦးစည်သူမြင့် [၁၂/ဗဟန(နိုင်)၀၅၀၇၂၅]နှင့် (၄) ဦးစစ်မင်းသူ [၁၂/ဥကမ(နိုင်)၁၇၉၇၄၀]တို့မှ တရားဝင်လက်ရှိ ပိုင်ဆိုင်လျက်ရှိပြီး အဆိုပါအိမ်နှင့်မြေကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု၍ ၎င်းတို့ထံမှ တရားဝင်နည်းလမ်းတကျဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ်ကို တရားဝင်ဆက်လက်၍ စာချုပ် ချုပ်ဆိုကာ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးအောင်သောင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၈၂၃၁/၁၀-၅-၂၀၁၂)**
**ဦးမောင်မောင်အေးသူ**
**LL.B, D.B.L, D.I.P.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၉၃၈/၁၃-၇-၂၀၁၇)**
**ဦးအောင်ပြည့် B.A(Geog),PGDL,WIPO**
**အထက်တန်းရှေ့နေ (စဥ်-၅၃၇၀၇/၃၀-၉-၂၀၂၀)**
**အမှတ်-၁၀/၁၂၊ အခန်း(၁၀၄/စျ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၀၈၂၇၁၆**

# မူးယစ်ကိုပစ်
# ပန်းတိုင်သစ်
# စိတ်သစ်
# လူသစ်
# ဘဝသစ်

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ညာခြင်း"

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၈၂ မြေကွက်အမှတ်-၁၀၄၇၊ ထကကညွှန့်သိန်းအမည်ဖြင့်မှတ်သားတည်ရှိသည့် စေတာနာ(၂)လမ်းပေါ်မှ (၄၀´×၆၀´)ကျယ်ဝန်းသော (ပါမစ်) မြေကွက်ကို နောက်ဆုံးပိုင်ရှင် ဦးအောင်မင်းသူ (၈/ရစက (နိုင်) ၁၃၀၄၄၁)ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရံငွေပေးချေပြီး ဖြစ်ပါသည်။ အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုသူများရှိခဲ့ပါက ဤကြော်ညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း စာချုပ်စာတမ်းမူရင်းများယူ ဆောင်လျက် ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည်ဟု အများသိစေရန်ကြော်ညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးအောင်နိုင် (LL.B,D.B.L,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဥ်-၇၈၂၆)
အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ (၃၅)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၄၃၀၄၈၁၅၈

## ဒေါ်ဆွေဆွေကြည်
### အသက်(၆၇)နှစ်

မန္တလေးမြို့နေ (ဦးကြည်–ဒေါ်ယဉ်မေ)တို့၏ သမီးလတ်၊ မြစ်ကြီးနားမြို့နေ (ဦးဘငွေး–ဒေါ်အုန်းကြည်)တို့၏ သမီးချွေးမ၊ (ဦးမောင်မောင်ငွေး)၏ဇနီး၊ ဒေါ်ယဉ်ယဉ်ကြည်–ဦးဘိုဘိုတို့၏ ညီမ၊ ဦးအောင်ခိုင်ကြည်–ဒေါ်ဆွေဆွေမြင့်၊ ဒေါ်နွယ်နွယ်ကြည်တို့၏ အစ်မ၊ (ဦးသူရငွေး)၏မိခင် ဒေါ်ဆွေဆွေကြည် အသက် (၆၇) နှစ်သည် ၂၉–၉–၂၀၂၅ (တနင်္လာနေ့) နေ့လယ်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၉–၂၀၂၅ (အင်္ဂါနေ့) တွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၅–၁၀–၂၀၂၅ (တနင်္ဂနွေနေ့) မြောက်ဒဂုံ ၄၅–တိုးချဲ့ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (၁၂၄၈)သို့ နံနက် ၈ နာရီ မှ ၁၀ နာရီအထိ ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအုန်းကြည်
(ဗဟိုသုတေသနအဖွဲ့)
(CRO) အဏုစိတ်ဌာနသုတေသီ
### အသက် (၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ်(၄၅)နေ (ဦးချစ်တင်–ဒေါ်အေးကြူ)တို့၏ သား၊ ဒေါ်ကြည်ကြည်ဝင်း(ခ)စုစု (အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇေယျာမင်းကြည်–မခင်နှင်းဖြူတို့၏ ဖခင်၊ ကိုကျော်စွာလင်း–မသန္တာအောင်၊ မောင်ကောင်းထက်စံတို့၏ အဘိုး၊ (ဦးရွှေယဉ်)၊ (ဒေါ်ငွေကြည်)၊ (ဦးကတုံး)၊ (ဒေါ်ညွှန့်)၊ ဒေါ်အုန်းညွှန့်၊ (ဦးသန်းမောင်)၊ (ဒေါ်ကြည်)၊ (ဒေါ်ခင်ဆင့်)၊ (ဦးအေးချို)၊ (ဒေါ်တင့်တင့်ရီ)တို့၏ ညီ/မောင်၊ (ဦးစိုးအောင်)၏ အစ်ကိုသည် ၁–၁၀–၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃–၁၀–၂၀၂၅ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ၇–၁၀–၂၀၂၅ (အင်္ဂါနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၉–ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်ဆွန်ပက်ကွန်ဒိုမီနီယမ်၊ တိုက်အမှတ် (၆၀၈)၊ အခန်းအမှတ် (15–C)၊ ၁၅–လွှာ၊ အကျယ်အဝန်း (၁၉၄၄.၈၅)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါကွန်ဒိုတိုက်ခန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် တရားဝင် အမည်ပေါက် ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော **ဦးမိုးကျော်သူ [၁၄/ဓနဖ(နိုင်) ၀၁၆၂၈၈]နှင့် ဒေါ်စန္ဒာဦး [၁၂/ကမတ(နိုင်) ၀၀၅၃၅၀]**တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် ကွန်ဒိုတိုက်ခန်း တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**ကွန်ဒိုတိုက်ခန်းဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော် (စဉ်– ၄၀၃၅) LLB, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်–၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်– ၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁– လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**Tel: 294766 HP: 09–501 7044, 09–250674940**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ကျောင်းကုန်းဆိပ်ကြီး၊ ရေတပ်ပတ်လမ်း၊ အိမ်အမှတ် (၂၂/၂) ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ပေ) ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ် (၁)လုံး၊ ရေ၊ မီးအစုံ၊ ပါဝါမီတာ (၁) လုံး အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးဇွဲထက်လင်း [၁၂/လသန(နိုင်) ၀၂၂၅၀၂]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်တင်တင်ဝင်း [၁၂/တတန(နိုင်) ၁၄၂၃၈၅]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မျိုးဦး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၂၇၅၄)**
**Ph: 09–31129462, 09–880652867**

### ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ် (၄၁၅–S)၊ ဦးပိုင်အမှတ် (၃၃–န/၅)၊ ၁၆လမ်း၊ ၈၇x၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်ညို [၉/မနမ(နိုင်)၀၉၅၇၄၇]က အမှုတွဲအမှတ် (၂၈၁၅/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁/ထူပါရုံ၊ မြေကွက်အမှတ်– ၁၀၁၈/ခ၊ ဧရိယာ (၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ်–၁၀၁၈/ခ၊ ထူပါရုံ(၆)လမ်း၊ ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးတင်မြိုင် [၁၂/သကတ(နိုင်)၀၉၃၁၇၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်မြိုင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်စန်း [၁၂/သကတ(နိုင်) ၀၉၅၅၂၅]မှ အထက်ဖော်ပြပါမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိမှသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာ (၁)စောင်၊ ထောက်ခံကတိသစ္စာပြုလွှာ (၁)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးတင်မြိုင်(ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## သင့်
## သွေးဖြင့်
## အသက်
## ကယ်ပါ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်သိန်းဖေ
### ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့ရုပ်ရှင်လုပ်ငန်း
### အသက်(၈၄)နှစ်

မိတ္ထီလာမြို့နေ (ဦးအေးဖေ–ဒေါ်သန်း) တို့၏သား၊ (ဦးသန်းဆင့်–ဒေါ်မြသိန်း) တို့၏သားသမက်၊ ဦးရဲမြင့်ဖေ–ဒေါ်ညိုညို၊ (ဦးမျိုးမြင့်ဖေ)–ဒေါ်သန်းသန်းလှ တို့၏အစ်ကို၊ ဒေါ်ခင်ချိုဝင်း ၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေလင်းအောင်–ဒေါ်သန္တာအောင်၊ Dr ရဲနောင်ဇော်၊ ဒေါ်ကေသီတာမြင့်သိန်းဖေ တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဟိန်းသုထက်ဇော်၊ မောင်ရှိုင်းသုတဇော်၊ မသွန်းရတီအောင်တို့၏ ဘိုးဘိုးကြီးသည် ၂–၁၀–၂၀၂၅ရက် နံနက် ၁၁:၅၇နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၄–၁၀–၂၀၂၅ ရက် (စနေနေ့) နံနက် ၁၀:၃၀နာရီတွင် ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း (နေပြည်တော်)သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာ ဦးမြင့်သိန်းဖေ
### အသက် (၈၄)နှစ်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဆရာဒေါက်တာ ဦးမြင့်သိန်းဖေ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ (၂၀၀၇–၂၀၁၂) ကွယ်လွန်သည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ အောင်နေဦး (မျက်စိအထူးကုဆရာဝန်ကြီး၊ သန်လျင်ပြည်သူ့ဆေးရုံကြီး) အသက် (၅၁)နှစ်သည် ၁–၁၀–၂၀၂၅ ရက် ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း၊**
**မျက်စိရောဂါပညာအဖွဲ့**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဗဗ–၂)၊ ဦးပိုင်အမှတ်(၈၀)၊ ၄၇x၄၈လမ်းကြား၊ ၁၁၁x၁၁၂လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၈၃၉၅/၉၃–၉၄)အရ ဦးအေးကို မှတ်ပုံတင်အမှတ်[၉/မရမ (နိုင်) ၀၁၀၄၀၉]အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးဝင်းလွင် မှတ်ပုံတင်အမှတ် [၅/ငဇန(နိုင်)၀၂၅၁၉၈]၊ ဒေါ်ပိုးအိထွန်း မှတ်ပုံတင်အမှတ် [၉/ခမစ (နိုင်) ၀၅၁၇၁၇]တို့မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၂၁၁)၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆)၊ အကျယ်အဝန်း(၆၀x၆၀)ပေရှိ ဦးမြဝင်း အမည် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့်အိမ် အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

အထက်ပါအိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ထံမှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသော ဒေါ်ဆင့်ဆင့်လှိုင် [၁၄/ကပန (နိုင်)၁၂၅၈၆၀]မှလက်ရှိထားပိုင်ဆိုင်၍ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်၊ မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား၊ စာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သဇင်ဦး**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးအေးသင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၇၅၃)**
**အမှတ်–၄၅(စီ)၊ ဒုတိယထပ်၊ လမ်း(၅၀)၊**
**(အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉ ၄၃၁၁၄၄၇၃**

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ



## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်သိန်းဖေ
## ညွှန်ကြားရေးမှူး(ငြိမ်း)
### အသက် (၈၄)နှစ်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဒေါ်ခင်ချိုဝင်း ၏ခင်ပွန်း မြန်မာ့ရုပ်ရှင်လုပ်ငန်း ညွှန်ကြားရေးမှူး(ထုတ်လုပ်)(ငြိမ်း)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဟောင်း ဦးမြင့်သိန်းဖေ သည် (၂–၁၀–၂၀၂၅)ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ဝန်ထမ်းမိသားစုများ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်ငွေး
### (စ.စ.စ ညွှန်ကြားရေးမှူး–ငြိမ်း)
### အသက် (၆၉) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းခရိုင်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ ပေါ်ဆန်းမွှေးကွန်ဒို၊ အမှတ် (A–1/604)နေ အဖ (ဦးသန်းမောင်)–အမိ ဒေါ်ငွေးငွေးတို့၏ သား၊ [ဦးမောင်မောင်သန်း (လဝကညွှန်ကြားရေးမှူးချုပ်–ငြိမ်း)]–ဒေါ်ခင်ငွေးမြင့်တို့၏ ညီ၊ ဦးအောင်ကျော်မိုး–ဒေါ်မိုးမိုးသူ၊ ဦးတင်ထွန်းအောင်–ဒေါ်တူးမာတို့၏ အစ်ကို၊ ကိုထူးထက်အောင်(ခေတ္တ–ဩဇီ)၊ ကိုရဲမင်းနောင် (2AE– MTM Shipping Company)တို့၏ ဖခင်၊ ဒေါ်မာမာခိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးမောင်မောင်ငွေး (စ.စ.စ ညွှန်ကြားရေးမှူး–ငြိမ်း) အသက်(၆၉)နှစ်သည် (သီတင်းကျွတ်လဆန်း ၁၀ ရက်) ၁–၁၀–၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၃ နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃–၁၀–၂၀၂၅(သောကြာနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာအောင်နေဦး
### မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး
### သန်လျင်ပြည်သူ့ဆေးရုံကြီး
### အသက် (၅၁)နှစ်

ရန်ကုန်မြို့နေ ဦးအောင်ကျော်မိုး–(ဒေါ်ကြူကြူလှိုင်)တို့၏ သားကြီး၊ ဦးမြင့်ဦး–ဒေါ်လှဲ့လှဲ့ဝင်းတို့၏ သားသမက်၊ (B/5)၊ သမိန်ဗရမ်းလမ်း၊ ပဲခူးစုရပ်၊ သန်လျင်မြို့နေ ဒေါက်တာကေသွယ်ဦး (ခေတ်မှန်အထူးကု)၏ ခင်ပွန်း၊ မသဲသဲဟန်သူ၊ မောင်ကောင်းမြတ်ဟိန်းတို့၏ ဖခင် ဒေါက်တာ အောင်နေဦးသည် ၁–၁၀–၂၀၂၅ ရက် ည ၉:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃–၁၀–၂၀၂၅ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇–၁၀–၂၀၂၅(အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ B/5၊ သမိန်ဗရမ်းလမ်း၊ ပဲခူးစုရပ်၊ သန်လျင်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ် (၇၅)ကွင်းရပ်၊ ဦးပိုင်အမှတ် (၆၆/ဠ)၊ ဧရိယာ (၀.၀၂၈)ကေရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာန မှတ်ပုံတင် (၁–က)စာရင်းတွင် ဦးချစ်အေး အမည်ပေါက်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူ ဦးချစ်အေးထံမှ ဦးအလီယာမောက်က “ အိမ်နှင့်မြေကွက် အပြီးအပိုင်အရောင်းအဝယ်စာချုပ်” မှတ်ပုံတင်စာချုပ်အမှတ်– ၄၄၇/၂၀၂၃ အရဝယ်ယူခဲ့ပါသည်။ ယခုအခါ ဦးအလီယာမောက်က ၎င်း၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဦးအလီယာမောက်မှ ၎င်း၏အမည်သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့။**

### တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ သုခလမ်း၊ အမှတ်– ၄၀ (ပထမထပ်)၊ (ဝဲဘက်ခန်း) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၅ပေx ၅၅ပေ)ခန့်ရှိ တိုက်ခန်းကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဦးမောင်မောင်ကျော်သူရ [၇/ပခန(နိုင်)၁၉၀၃၁၄]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းစန်းမြင့် [၁၂/စခန(နိုင်) ၀၄၂၅၄၄]က စရန်ငွေအချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမျိုးမြင့်အောင်** | **ဒေါ်လင်းလင်းသူ** |
| **LL.B, WIPO (Switzerland)** | **LLB,DBL (abe),DLS,WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၇၅၅၈/၂၀၀၈)** | **(စဉ်– ၅၄၀၈၂/၂၀၂၀)** |

**အမှတ်– ၁၅၃၊ (၅–လွှာ/အေ)၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉– ၅၁၆၉၄၁၉၊ ၀၉– ၉၅၅၁၆၉၄၁၉ ၊ ၀၉– ၂၆၅၇၅၀၁၉၉**

❖ စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသောနိုင်ငံသည် အမြဲထာဝရ ဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံးညီညွတ်မှုမရှိပါက နိုင်ငံပါ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက်ကွယ်သွားမည်သာဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်က ကျောက်မဲမြို့အား ပြန်လည်ထိန်းချုပ်ရရှိခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများက အားပေးထောက်ခံကြိုဆို၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ ရောက်ရှိ



အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ကျောက်မဲမြို့သို့ ရောက်ရှိလာရာ ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် ကျောက်မဲမြို့အား အောက်တိုဘာ ၁ ရက်တွင် တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာ အားပေးထောက်ခံမှုနှင့်အတူ တပ်မတော်စစ်ကြောင်းများအား ကြိုဆိုအားပေးခဲ့ကြသည်။

ကျောက်မဲမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာစည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်အဘက်ဘက်မှ နိမ့်ကျမှုများ၊ တိုက်ပွဲ၏ အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ

ASEAN-COCI နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

စာမျက်နှာ » ၁၂

အမေရိကန်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို အောက်တိုဘာ ၁ ရက်မှစ၍ ယာယီရပ်ဆိုင်းထား

စာမျက်နှာ » ၁၃

ရွှေဘိုမြို့၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အသိတရားကင်းမဲ့စွာဖြင့် လက်လုပ်ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်နေသည့် သာမဏေကိုရင် သုံးပါး ပျံလွန်တော်မူ၍ သာမဏေကိုရင် ရှစ်ပါး ထိခိုက်ဒဏ်ရာများရရှိ

စာမျက်နှာ » ၁၄

# လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး နိုင်ပွဲဆက်

လက်ရှိ ချန်ပီယံလိဂ်ချန်ပီယံ ပီအက်စ်ဂျီအသင်းနဲ့ ဘာစီလိုနာအသင်းတို့ အောက်တိုဘာ ၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး နိုင်ပွဲဆက်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းက ပထမပိုင်းပွဲကစားချိန် ၁၉ မိနစ်မှာ ရရှိခဲ့တဲ့ ဖာရန်တောရက်စ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် ပီအက်စ်ဂျီအသင်းက ၃၈ မိနစ်မှာ မာယုလူနဲ့ မိနစ် ၉၀ မှာ ဂွန်ကာလိုရာမို့စ်တို့ရဲ့ သွင်းဂိုးတွေ ရရှိခဲ့လို့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ချန်ပီယံလိဂ်ဖလားနဲ့ ပြည်တွင်းဖလားနှစ်လုံးကို

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○



ဘာစီလိုနာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။